
www.burmeseclassic.com

မိုး ၊ မိုး ၊ ဝ၇ ၆ ပ

ဘာကြည်မြင့်ဝေကာ်

# လျှို့ဝှက်သောကစားပွဲ




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လျှို့ဝှက်သောကစားပွဲ



ဗိုးဗိုး
စာ အု ပ်တို က်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၀၉၉၅

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၄၂၈၁၁၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၄၁၁၁၂၁၁ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၇၊ စကားဝါလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |

၈၉၅ . ၈၄၃
အကြည်တော်
လျှို့ဝှက်သောကစားပွဲ (၃)/ အကြည်တော်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၁၂၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) လျှို့ဝှက်သောကစားပွဲ (၃)


BURMESE CLASSIC .com



လူတို့၏ဘဝကို မညီသည့်အရာနှင့်
မခိုင်း ကြည့်နိုင်ပါသည်။
အတိတ်ကို ရှင်းလင်းစွာ မြင်ရသည်၊
အနာဂတ်ကိုက မမြင်ရ၊
ရံဖန်ရံခါ မှုန်ဝါးဝါး ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ထဲတွင် မှန်ပြောင်းတစ်လက် ရှိနေပါသည်။

မှန်ပြောင်းတို့၏ သဘောသဘာဝကို သူ လွန်စွာနှစ်ခြိုက်မိသည်။

လူတွေမျက်လုံးနှင့် မမြင်နိုင်သောအရာ၊ လူတွေ သာမန်မျက်လုံးမျိုးနှင့် မသိနိုင်သောအရာအားလုံးကို ထိုမှန်ပြောင်း မှန်ဘီလူးမှတစ်ဆင့် ရှင်းလင်းစွာ သိရှိနိုင်သည်။

သေးငယ်မှုန်ဖွဲသောအရာများကိုပင် ထင်သာမြင်သာ အရွယ်အစားနှင့် ပြတ်သားစွာ မြင်တွေ့နိုင်ပေသည်။

သူသည် မှန်ပြောင်းကြည့်ရာတွင် သူတစ်ပါးအပြစ်ကို ရှာ





လို၍ ကြည့်ခြင်းမဟုတ်။ အတော်ဝေးဝေးမှ အဖြစ်အပျက်များကို ကိုင်တိုင်သွားကြည့်စရာမလိုဘဲ နေရာမရွေ့ သိရှိရခြင်းကြောင့်ပင် ဖြစ်သည်။ စပ်စုတတ်ခြင်းလည်း သူ၏ဝါသနာ။

တစ်ကိုယ်တည်း အထီးကျန်နေသော သူ့အတွက်တော့ ထိုမှန်ပြောင်းသည် အဖော်မွန်တစ်ယောက်ပင်။ သူ၏မိတ်ဆွေကောင်းတစ်ယောက်ဖြစ်၏။ ထိုမိတ်ဆွေက သာမန်လူများမမြင်နိုင်သော အလှအပနှင့် လူတွေ၏ မျက်ကွယ်မှ အတွင်းစိတ်တို့ကို ဖောက်ထွင်းဖော်ပြနိုင်စွမ်းရှိပါသည်။

ယခုလဲ သူ၏ အိမ်ရှေ့တောတန်းကလေးဆီ မှန်ပြောင်းနှင့် ချိန်နေသည်။ သူတို့နေသောနေရာမှာ တိတ်ဆိတ်အေးချမ်းကာ လူနေအိမ်များ ကျဲပါးသဖြင့် ချစ်သူစုံတွဲများ၏ မျက်စိကျရာနေရာလည်း ဖြစ်သည်။

ငွေရှင်ကြေးရှင်များကသာ ရင်းနှီးမြုပ်နှံမှုတစ်ခုအနေနှင့် ဤနေရာလေးကို သဘောကျနှစ်ခြိုက်ပြီး ဝယ်ယူထားကြသော်ငြား သတ်သတ်မှတ်မှတ် လာရောက်နေထိုင်သူ နည်းပါးလှသည်။ ထို့ကြောင့် အချို့ကလည်း ဤနေရာကလေးကို လူမရှိဟုထင်ပြီး ထင်ရာလာစိုင်းနေကြသူများလည်း ရှိ၏။ ထိုအခါ မှန်ဘီလူးတစ်လက်နှင့် အမြဲတစေ ရှိနေသော သူ့လိုလူအတွက် အသစ်အဆန်းများပင်။

ယခုလဲ အသစ်အဆန်းများ တွေ့လိုတွေ့ငြား အိမ်ရှေ့တောတန်းကလေးကို မှန်ဘီလူးတစ်လက်နှင့် ချောင်းကြည့်နေမိတော့သည်။

"ကြည့်စမ်း၊ စုံတွဲတစ်တွဲ တောတန်းထဲ ဝင်လာပါလား"

သူ ဝမ်းသာသွားသည်။ မှန်ပြောင်းကို မျက်လုံးအနားက မခွာနိုင်တော့။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အိပ်နေရင်းမှ ဆူဆူညံညံအသံများကြား၍ သူလန့်နိုးလာသည်။ နာရီကြည့်တော့ နံနက်(၇)နာရီ။ ခါတိုင်းရက်များဆို သူ ဒီအချိန်မျိုး ထလေ့မရှိ။ နေမြင့်မှသာ အိပ်ရာမှနိုးထလေ့ရှိသည်။ သူ၏ နံနက်စာပင် အနည်းဆုံး (၁၁း၃၀)။ ယခုတော့ ထူးထူးခြားခြားဆူညံသံကြောင့် သူလန့်နိုးလာသည်။

"ဘယ်က အသံတွေပါလိမ့်"

သူ အိပ်ရာမှ လူးလဲထပြီး အိမ်ရှေ့ဝရန်တာဖက် ထွက်လိုက်သည်။ အိပ်မှုန်စုံမွှားနှင့်မို့လား မသိ။ အိမ်ရှေ့တွင် ဘာမှမတွေ့။ ဘေးဘီငေးကြည့်မှ







သူရင်တွေ တဒိတ်ဒိတ်ခုန်နေ၏။ သူ ပြတင်းတံခါးကို အသာဟ၍ ချောင်းမိသည်။ နောက် ဘယ်သူမှ မမြင်အောင် ပြန်ကွယ်လိုက်မိသည်။

"ဟာ"

သူ၏ ကပ်လျက် လူမနေသော ခြံကို မိသားစုတစ်စု ပြောင်းလာသည်ပဲ။ သူ စိတ်ဝင်စားသွားသည်။ နောက် မျက်နှာပင် မသစ်အားဘဲ လက်သုံးတော်မှန်ဘီလူးကိုဆွဲ၍ ချောင်းလိုက်သည်။

"ဟာ"

ပစ္စည်းအတင်အချလူများကို အော်ဟစ်ခိုင်းစေနေသော လူရွယ်တစ်ယောက်။ သူ့နောက်မှာမှ အရုပ်တစ်ရုပ် ချထားသလို ငြိမ်သက်နေသော မိန်းမပျို။

သူဝမ်းသာသွားသည်။ ညားခါစဇနီးမောင်နှံ အိမ်ပြောင်းလာတာ ဖြစ်ပေမည်။

မြင်ကွင်းက သိပ်မသဲကွဲ၍ မှန်ဘီလူးထဲမှ Zoom ကို ထပ်ဆွဲလိုက်သည်။

"အဲ"

အော်ဟစ်စေခိုင်းနေသူမှာ ရုပ်သိပ်ဆိုးလှသူ မဟုတ်သော်ငြား ယမကာသမားများမျက်နှာလို နီမြန်းယောင်ကိုင်းနေသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ဓါပုံမှာ ဒေါသကြီးမည့်ပုံ။

သူ ထိုသူမျိုးကို မုန်းတီးတတ်သည်။ စိတ်ပျက်လက်ပျက်နှင့် ကောင်မလေးဆီ Zoom ဆွဲကြည့်လိုက်သည်။

"ဟာ"

သူလန့်ပြီး မှန်ဘီလူးကို လွှတ်ချမိလိုက်သည်။

"ခလွမ်"

မှန်ဘီလူး ကျကွဲသံ။

သူ့ရင်တွေ တဒိတ်ဒိတ်ခုန်နေ၏။ သူ ပြတင်းတံခါးကို အသာဟ၍ ချောင်းမိသည်။ နောက် ဘယ်သူ့မှ မမြင်အောင် ပြန်ကွယ်လိုက်မိသည်။ သူကသာ ဘယ်သူမှမမြင်အောင် ချောင်းနေသော်လည်း ကောင်မလေးက သူ့ကို စိုက်ကြည့်နေကြောင်းကို မှန်ဘီလူးမှတစ်ဆင့် အံ့သြဖွယ်ရာ မြင်တွေ့လိုက်ရလေသည်။

× × ×





သူ မှန်ပြောင်းတစ်လက်နှင့် ငြိမ်နေမိသည်။

ယနေ့နံနက်မှစ၍ ထိုအိမ်ကလေးမှာ လှုပ်ရှားမှုမမြင်ရသေး။ စိတ်ဝင်စားစိတ်နှင့် သူကပဲ စောနိုးနေသည်လားမသိ။ အရာရာတိတ်ဆိတ်နေသည်။

သူ့မှန်ပြောင်းလေးကိုလည်း အားမရတော့။ မနေ့က လက်ကလွတ်ကျပြီး မှန်က အက်သွား၍ မြင်ကွင်းမှာ အရင်လို ကြည်လင်ပြတ်သားခြင်းမရှိတော့။

သူ စိတ်ဝင်စားစိတ်နှင့် ငြိမ်သက်စွာ စောင့်ကြည့်နေသည်။

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



"ကလင် ကလင် ကလင်"

အဆက်မပြတ်မြည်နေသော တယ်လီဖုန်းကို ကြည့်ပြီး သူ အံ့အားသင့်နေမိသည်။ ဖုန်းက လိုအပ်လျှင် သုံးရန်တပ်ဆင်ထား သော်လည်း သူ့ကို ဖုန်းခေါ်မည့်သူမရှိ။ သူ ဒီမှာရှိနေမှန်းကိုပင် သိသူ ရှားမေသည်။ သူသည် လူတွေနှင့်နေရတာ ငြီးငွေ့၍ တစ်ယောက် တည်း လာရောက်နေထိုင်သူသာ။

"ကလင် ကလင် ကလင်"

တယ်လီဖုန်းက မြည်နေတုန်း။

"အမေများ ဆက်တာလား"





ရံဖန်ရံခါ၌ သူ့နေရာသိသော မိခင်က ဖုန်းဆက်တတ်သည်။ မယုံမရဲနှင့်သာ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို"

"ဦးထွန်းအောင်မှတ်တယ်"

"ဗျာ"

တယ်လီဖုန်းခွက်ကို လန့်ပြီး လွှတ်ချမိမတတ် ဖြစ်သွားသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့တွင်ထိုင်နေသော မျက်နှာနီရဲရဲနှင့်လူငယ်ကိုကြည့်ပြီး ဦးထွန်းအောင် ရင်တထိတ်ထိတ် ဖြစ်နေသည်။ မည်သည့်ရည်ရွယ်ချက်နှင့် ရောက်လာသည်မသိ။

တယ်လီဖုန်းဆက်ပြီး "စကားပြောချင်တယ်"ဆိုကာ ရောက်လာခြင်းဖြစ်သည်။ လူငယ်၏ပုံစံမှာ မနက်ကတည်းက မူးယစ်နေပုံ။ နောက်ပြီး သူ့ပုံက ဒေါသကြီးမည့်ပုံ။

"ကျွန်တော်တို့ ပြောင်းလာကတည်းက ဦးထွန်းအောင်မှန်ပြောင်းနဲ့ ချောင်းနေတာကို သိရပါတယ်"

မျက်နှာကိုပင် ဘယ်လိုထားရမှန်းမသိ။ ခိုးကြောင်ခိုးဝှက်





လုပ်ရသည့်ကိစ္စကို သူက သိနေသည်ဆိုတော့ အနေရအတော်ခက်သည့်ကိစ္စပင်။

"အဲဒါ ဟို ဟိုလေ"

လူရွယ်က လက်ကာပြသည်။

"ဒါ ဦးထွန်းအောင်ရဲ့ ဝါသနာဆိုတာ ကျွန်တော်သိပါတယ်"

နားလည်ပေးသည့်အတွက် အနည်းငယ် သက်သာရာရသော်လည်း သူတို့ခြံဖက် မကြာခဏ ပြန်ဝေ့ကြည့်မိသည်။ ခြံထဲက မိန်းမငယ်မှာ လဲကျပြီးကတည်းက ဘာဆက်ဖြစ်နေသည်မသိ။ ထို့ကြောင့်

"ဒါနဲ့ ဟို ဟိုကောင်မလေးရော"

လူရွယ် ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။ ပြီးမှ

"စိတ်မပူပါနဲ့၊ မသေပါဘူး"

"ဟင်"

လူရွယ်၏စကားကြောင့် ဦးထွန်းအောင် ပို၍ လန့်ဖျပ်သွားသည်။ ဤလူရွယ် စိတ်ရောမှန်သေးရဲ့လားဟုပင် တွေးမိသည်။ သူ့ပုံမှာ လူကုံထံအသိုင်းအဝိုင်းကပုံမျိုး ဖြစ်သော်လည်း စိတ်အခြေအနေက သိပ်ကောင်းပုံမပေါ်။ အရက်ကျွမ်းနေသည့်ပုံမျိုး။ သူ့အထင်ကို လူရွယ်ကလည်း ရိပ်မိပုံရသည်။ သူကပင်ပြုံး၍

"ဦးထွန်းအောင် ကျွန်တော့်ကိုကြည့်ပြီး တစ်မျိုးထင်နေတယ်နဲ့တူတယ်၊ ကျွန်တော်က ဦးထွန်းအောင်ထင်သလို ကြောက်စရာမကောင်းပါဘူး"

"ဒါနဲ့ ကောင်မလေးက"

လူရွယ် ခပ်တိုးတိုးရယ်သည်။

"မပူပါနဲ့၊ သူ ဘာမှမဖြစ်ပါဘူး၊ ပြန်ထလာမှာပါ။ အခုအချိန်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လူရွှယ်ပြောသည့်
အတိုင်းပင်
ကောင်မလေး
ပြန်ထလာသည်ကို
တွေ့ရသည်။ နောက်
နှုတ်ခမ်းထောင့်မှ
အနည်းငယ်စီးကျနေ
သောသွေးကိုသုတ်ပြီး
ခုနက ဘာမှ
မဖြစ်ခဲ့သလိုပုံမျိုးနှင့်



"ဟာ"

လူရွှယ်ပြောသည့်အတိုင်းပင် ကောင်မလေး ပြန်ထလာသည်ကို တွေ့ရသည်။ နောက် နှုတ်ခမ်းထောင့်မှ အနည်းငယ်စီးကျနေသော သွေးကို သုတ်ပြီး ခုနက ဘာမှမဖြစ်ခဲ့သလိုပုံမျိုးနှင့် ပန်းများကို ကတ်ကြေးနှင့်ညှပ်ပြီး တီနေသည်။

"ဟင်"

ကောင်မလေးကိုကြည့်ပြီး ဦးထွန်းအောင် ပို၍ အံ့အားသင့်ရသည်။ ဤမျှလောက်ပြောဆိုရိုက်နှက်ခံရခြင်းကို ဘာမှမဖြစ်သလို နေနိုင်သော မိန်းမမျိုးကို သူမတွေ့ဘူးပေ။ ဦးထွန်းအောင် လူရွှယ်ကို ပြန်ကြည့်မိသည်။

"ဒါနဲ့ ကျုပ်နာမည်နဲ့ ဖုန်းနံပါတ်ကိုက"

လူရွှယ် ရယ်၍သာနေသည်။

"သိပ်မထူးဆန်းပါဘူး ဦးထွန်းအောင်၊ ကျွန်တော်ကမှ ဒီလောက်သိတာ၊ ခုနကမိန်းမဆို ဦးထွန်းအောင်တက်ခဲ့တဲ့သင်္ဘော၊





ရောက်ခဲ့တဲ့နိုင်ငံ အားလုံး သူသိနေလောက်တယ်"

"ဟာ"

သူ့ကို သင်္ဘောသားဟောင်းမှန်း သိနေ၍ ပို၍ပင် အံ့အားသင့်နေမိသည်။ ဟုတ်ပါ့မလားဆိုသည့် စိတ်နှင့်ပင် ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိသည်။ နောက် ဇဝေဇဝါနှင့်

"ဒါနဲ့ မောင်ရင်၊ ခုနက ကောင်မလေးက"

"ဘာမှမတော်ဘူး"

"ဘယ်လို"

ဦးထွန်းအောင် လူထူးလူဆန်းနှင့် တွေ့ရသလို ခံစားနေရသည်။

"သူက လူမဟုတ်ဘူး"

"ဘယ်လို"

"သူက ဝံပုလွေမပဲ"

"ဟင်"

× × ×



www.burmeseclassic.com

www.burmeseclassic.com



"သူက ဝံပုလွေမပဲ"

"ဟင်"

ဟုတ်သည်လား မဟုတ်သည်လား မသိ။ လူရွှယ်ပြောသမျှ ပါးစပ်အဟောင်းသားနှင့်သာ နားထောင်နေရသည်။

"ဒါနဲ့ မောင်ရင်တို့က ဒီကိုပြောင်းလာတာ"

လူရွှယ် ခါးမတ်သွားသည်။ နောက် တည်ကြည်ဟန်နှင့်

"ဒီနေရာက လူလဲ ရှင်းတယ်လေ၊ သီးသန့်လဲဆန်တယ်၊ နောက်ပြီး တော်ရုံအဆက်အသွယ်လဲ ပျက်တယ်"

"အဲဒီတော့"





လူရွှယ် ပြုံးပြန်သည်။

"အဲဒီတော့ ကျွန်တော်တို့အတွက် အဆင်ပြေတာပေါ့"

ဦးထွန်းအောင် မျက်မှောင်ကြုတ်သွားသည်။ ပြီးမှ

"ဘယ်လိုအဆင်ပြေတာလဲ"

"တစ်ယောက်ကိုတစ်ယောက်သတ်ဖို့"

"ဘာ"

ခေါင်းတစ်ခုလုံး ချာချာလည် မူးနောက်သွားမိသည်။ အရှေ့ကလူရွှယ်ကိုလည်း အရူးလား၊ လူကောင်းလား သူ မဝေခွဲနိုင်။ လူက လူကြီးလူကောင်းဟန် ဖြစ်သော်လည်း စကားတွေက အရူးစကားများလို။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်ခုလုံး ချာချာလည် မူးနောက်သွားမိသည်။ အရှေ့ကလူရွယ်ကိုလည်း အရူးလား၊ လူကောင်းလား သူ မဝေခွဲနိုင်။ လူက လူကြီးလူကောင်းဟန် ဖြစ်သော်လည်း စကားတွေက အရူးစကားများလို။

အပြင်ကို ငေးကြည့်တော့ ခုနက ကောင်မလေးက ဘာမှ မသိသလို ပန်းတွေကို လိုက်လံပြုပြင်နေဆဲ။ လူရွယ်က သူ့ကို စိုက်ကြည့်ရင်း

"ဘာလဲ ဦးထွန်းအောင် မယုံလို့လား"

ခေါင်းခါမိလား၊ ခေါင်းညိတ်မိလား မသိ။ ဇဝေဇဝါနှင့်သာ





"လူတစ်ယောက်ကို သတ်တယ်ဆိုတာ ရာဇဝတ်မှုပဲ မဟုတ်လား"

"ဟားဟားဟား"

လူရွယ်၏သဘောကျစွာရယ်သံ။ အတန်ကြာမှ ခေါင်းညိတ်ရင်း

"သိပ်ကောင်းတဲ့မေးခွန်းပဲပေါ့ဗျာ၊ မှန်တာပေါ့၊ လူတစ်ယောက်ကို သတ်တာ ရာဇဝတ်မှုပဲ၊ ဒါကြောင့် ဘယ်လိုမှ ပြေးမလွတ်ပါဘူး"

ဦးထွန်းအောင် သက်ပြင်းချမိသည်။ ဒီလောက်သိသေးသည်ဆိုလျှင် သူငယ် မရူးသေးတာ သေချာ၏။ သို့သော် သူထင်သလို မဟုတ်။ လူရွယ်က ရှေ့တိုးလာကာ

"ဒါပေမယ့် ကျွန်တော်တို့က ရာဇဝတ်မှုမြောက်အောင် သတ်မှာမဟုတ်ဘူး"

"ဘယ်လို"

ဦးထွန်းအောင် ခေါင်းတွေရှုပ်နေသည်။ လူရွယ်က လေသံတိုးတိုးဖြင့်

"သူ့ဘာသာသူ သေသွားအောင်လုပ်မှာ"

"ဟင်"

ဦးထွန်းအောင် နဖူးမှချွေးစေးများပင် ကျလာ၏။

"ဟဲဟဲဟဲ"

လူရွယ်က ဦးထွန်းအောင်ကိုကြည့်ပြီး ရယ်နေသည်။ ဦးထွန်းအောင် မျက်နှာပျက်တာကို သဘောကျနေပုံလည်း ရ၏။ အတန်ကြာမှ အရှေ့မှစားပွဲကိုပုတ်ပြီး

"ကဲ သွားမယ်ဗျာ၊ ခင်ဗျားနဲ့စကားပြောရတာ အဆင်ပြေပါတယ်၊ နောက်မှ အေးအေးဆေးဆေး ဆက်ဆွေးနွေးတာပေါ့၊ အခု

www.burmeseclassic.com



တော့ ခွင့်ပြုဦး”

ဆိုကာ သူ့အိမ်သူ့ရာလိုပင် ထထွက်သွားသည်။ လူငယ် အပေါက်ဝရောက်မှ ဦးထွန်းအောင် သတိရပြီး

“ဟေ့ မောင်ရင့်နာမည်က”

လူရွယ် ခြေလှမ်း တုန့်ခနဲရပ်သွားသည်။ နောက် ပြုံးပြီး

“ကျော်ဇင်”

ခြေလှမ်းပြန်စကာ

“ဟိုမိန်းမနာမည်က အာ ကျွန်တော်မေ့နေပြီ၊ သူ့ကိုဝံပုလွေ မလို့ပဲ ခေါ်တာကြာပြီ၊ သြော် သိပြီ”

ဦးထွန်းအောင်ဖက် ပြန်လှည့်ကာ

“မေပျို”

× × ×



အချိန်ကာလနဲ့ ဆုံးဖြတ်လို့မရတာ တစ်ခုပဲရှိတယ်။

လက်စားချေခြင်းပါပဲ။

တစ်လကြာချင်ကြာမယ်။ တစ်နှစ်ကြာ ချင်ကြာမယ်။ တစ်သက်လုံးလည်း ကြာချင် ကြာမယ်။

ဒါပေမယ့် အချိန်ကာလက သူ့ကို ပျောက်ပျက်လို့မရဘူး။

www.burmeseclassic.com

www.burmeseclassic.com



နံနက်စောစောစီးစီး ဝုန်းဒိုင်းကျဲအသံများကြောင့် ဦးထွန်းအောင် လန့်နိုးလာသည်။

"ဘာဖြစ်တာလဲ မသိဘူး"

ဆိုကာ ထွက်ကြည့်မိသည်။ ထုံးစံအတိုင်း နံဘေးအိမ်မှပင်ဖြစ်သည်။

သူ လက်သုံးတော်မှန်ဘီလူးကို ကောက်ယူပြီး ကြည့်မိသည်။ အိမ်ထဲမှာမို့ သိပ်မသဲကွဲ။

မြင်နေရသည်က ကျော်ဇင်မှာရှိသမျှ ပစ္စည်းပရိဘောဂများကို ဆွဲချ၊ အပြင်သို့လွှင့်ပစ်နှင့် အကြီးအကျယ် သောင်းကျန်းနေ





သည်။ မေပျိုကတော့ သူလုပ်သမျှကို ငြိမ်သက်ပြီးကြည့်နေ၏။

ကျော်ဇင် ခုံကစပြီး အပြင်ပစ်ထုတ်ကာ ထွက်လာသည်။ မေပျိုမှာ အကြာကြီးငြိမ်သက်၍ ရပ်နေသေး၏။ ကျော်ဇင်ထွက်သွားမှ သူလုပ်ခဲ့သမျှကိုတစ်စစီကောက်သိမ်းရင်း ကျန်ရစ်ခဲ့ရရှာသည်။ သူ၏ပုံမှာ ဝမ်းနည်းနေပုံလည်းမပေါ်။ ဘာခံစားချက်မှ ရှိပုံမရ။

ဦးထွန်းအောင် သက်ပြင်းချမိသည်။ ဤမျှလောက်ဆိုးသွမ်းသော လင်ယောက်ျားရထားသော မိန်းမများအတွက် လောကငရဲပင်။ ထို'လောကငရဲ'ထဲကိုမှ ဒီလိုကောင်မလေး ဘာလို့ရောက်နေပါလိမ့်။ ဦးထွန်းအောင် စဉ်းစား၍ပင်မရ။ သူ ခုတင်ပေါ်တွင် အကြာကြီး ငြိမ်ထိုင်နေမိသည်။ ဤမျှလောက်ဆိုးသွမ်းသောအခြေအနေကို အဖြေရှာမရ။ သူ့ခေါင်းကို အုပ်ကိုင်ပြီး ငြိမ်နေမိသည်။

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံ။ ဦးထွန်းအောင် အံ့အားသင့်သွားသည်။ သူ့အိမ်ကို မည်သူကမှ တံခါးလာခေါက်လေ့မရှိ။ လူမရှိဘူးထင်၍ အလှူခံပင် လာလေ့မရှိ။ ယခု တံခါးခေါက်သံကြား၍ ဦးထွန်းအောင်အတွက် အထူးအဆန်း ဖြစ်နေသည်။

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံ အသေအချာ ထပ်ကြားရသည်။ သေချာပြီ။ တစ်ယောက်ယောက်က သူ၏အိမ်တံခါးကို လာခေါက်နေခြင်းပင်။

တံခါးကို ထဖွင့်ရကောင်းနိုး၊ ငြိမ်နေရကောင်းနိုး ဝေခွဲမရဖြစ်နေမိ၏။

"ဒေါက် ဒေါက် ဒေါက်"

ထပ်မံကြားရသော တံခါးခေါက်သံကြောင့် သူ မနေနိုင်တော့။

"လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ကတော့
မသောက်ပါဘူး၊
အဲဒီဝံပုလွေမနဲ့
ပေါင်းပြီးကတည်းက
သောက်လာတာ၊
အခုတော့
မနက်ခင်းတည်းက
မူးနေရတာကို
ကြိုက်နေပြီ ဟဲဟဲ"



ဟု အသံပြုကာ အိမ်တံခါးကို အပြေးသွားဖွင့်မိသည်။

"ဟင်"

တံခါးဝတွင် မျက်နှာကြီးနီမြန်းပြီး ရပ်နေသော ကျော်ဇင့်ကို မထင်မှတ်ဘဲ တွေ့လိုက်ရ၍ ဦးထွန်းအောင် အံ့အားသင့်သွားသည်။

"ဘယ်လိုလဲ၊ နေမြင့်တဲ့အထိ အိပ်တာလား၊ သဘော်သား ဟောင်းရဲ့ ဟားဟားဟား"

ကျော်ဇင်မှာ မထိတထိဆိုရင်း အိမ်ထဲ ခပ်တည်တည်လှမ်း ဝင်လာသည်။ ပြီးနောက် ဧည့်သည်များအတွက်ချထားသောဆက်တီ ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ နောက် ဦးထွန်းအောင် ကိုကြည့်ကာ

"လုပ်ပါ၊ မျက်နှာလေးဘာလေးသစ်ပါဦး၊ ကျွန်တော်က အေး ဆေးပါပဲ ဟဲဟဲ"

ဦးထွန်းအောင် ယောင်နနနှင့် သူပြောသည့်အတိုင်း မျက် နှာသွားသစ်မိသည်။ မျက်နှာသစ်ရင်းနှင့်မှ "ခြံတံခါးလည်း ပိတ်ထား ပါလျက် ကျော်ဇင် ဘယ်လိုဝင်လာပါလိမ့်"ဟုပင် စဉ်းစားမိသည်။





မျက်နှာသစ်ပြီး ထွက်လာတော့ ဧည့်ခန်း၌ပင် သူ ရုံဖန်ရံခါသောက်တတ် သော အရက်ပုလင်းကိုထုတ်၍ ဇိမ်နှင့်ထိုင်သောက်နေသော ကျော်ဇင် ကိုတွေ့ရ၏။

"ဟာ ခင်ဗျား မနက်ခင်းလည်း သောက်တာပဲလား"

သူ့အမေးကို ကျော်ဇင်က ပြုံးလိုက်ပြီး

"အရင်ကတော့ မသောက်ပါဘူး၊ အဲဒီဝံပုလွေမနဲ့ ပေါင်းပြီး ကတည်းက သောက်လာတာ၊ အခုတော့ မနက်ခင်းတည်းက မူးနေရတာ ကို ကြိုက်နေပြီ ဟဲဟဲ"

ဦးထွန်းအောင် အဆာပြေစားရန်ယူလာသော ပေါင်မုန့်မီး ကင်နှစ်ချပ်ကို သူ့ရှေ့ချပေးလိုက်သည်။ ကျော်ဇင်က တို့ပင်မတို့။

"နေစမ်းပါဦးဗျ၊ ခင်ဗျားကသာ သူ့ကို ဝံပုလွေမလို့ခေါ်နေ တာ၊ သူက ခင်ဗျားကို ဘာလုပ်နေလို့လဲဗျ"

သူ့အမေးကြောင့် ကျော်ဇင် ခါးမတ်သွားသည်။

"ဘာလုပ်လို့လဲ ဟုတ်လား၊ ခုနက အဖြစ်အပျက်ကိုပဲ ကြည့် လေ"

"ခုနက အဖြစ်အပျက်က ခင်ဗျားသောင်းကျန်းနေတာပဲ တွေ့တာပဲ"

"ဟားဟားဟား"

ကျော်ဇင် ဖျစ်ညှစ်၍ ရယ်လိုက်သေးသည်။ ပြီးနောက် ဦး ထွန်းအောင်ကို စေ့စေ့စောင်းကြည့်ပြီး

"ခင်ဗျားလည်း မိန်းကလေးဆိုရင် သနားတတ်တယ်မှတ် တယ်၊ ဟုတ်လား ဟဲဟဲ"

ဦးထွန်းအောင် ရှုံးတိုးရှုံ့တန့်ဖြစ်သွားသည်။ ဒါကို ကျော် ဇင်မှပင်ဆက်၍

"ခင်ဗျားက ကျုပ်သောင်းကျန်းနေတာပဲမြင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုပဲ
ခင်ဗျား
စဉ်းစားကြည့်ပါ၊
သူ့ကိုသတ်မယ်မှန်း
သိသိကြီးနဲ့
လိုက်လာရဲတဲ့
မိန်းမဟာ
ဘယ်လို
မိန်းမမျိုးလဲလို့"



"နောက် ဘာမြင်ရဦးမှာလဲ"

"ကျုပ်ခေတ်လိုက်သွားတာ ခင်ဗျားမှ မမြင်ဘဲ ဟောဒီမှာကြည့်"

သူ့လက်ဖဝါးမှာ မီးလောင်ထားသလို နီရဲပြီး အရည်ကြည်ဘုကြီး ဖြစ်နေသည်။ ဦးထွန်းအောင်က မျက်မှောင်ကြုတ်ပြီး

"ခင်ဗျားခေတ်လိုက်တာ သူနဲ့ဘာဆိုင်လို့လဲ"

ကျော်ဇင် မဲ့ပြုံးပြုံးလိုက်သည်။

"အဲဒီအိမ်ထဲမှာ ကိုယ်မသိတဲ့နေရာ၊ ကိုယ်မသိတဲ့ခလုတ်၊ ဘာတစ်ခုမှ ထိလို့ကိုင်လို့မရဘူး၊ အားလုံး သေကွင်းသေကွက်ချည်းပဲ"

"ဘယ်လို"

ကျော်ဇင် ဖန်ခွက်ကိုမော့ချလိုက်သည်။

"အိမ်ထဲမှာ ဘယ်သူ့ပယောဂနဲ့မှ မပတ်သက်ဘဲ သေစေနိုင်တဲ့အရာတွေ အများကြီးရှိတယ်"

ဦးထွန်းအောင် မျက်မှောင်ကြုတ်နေမိသည်။





"သူကလည်း ကျွန်တော့်ကိုသတ်ဖို့ လုပ်ထားသလို၊ ကျွန်တော်ကလည်း သူ့ကိုသတ်ဖို့လုပ်ထားတာ အများကြီးရှိတယ်"

"အများကြီးဟုတ်လား"

"အများကြီးပဲ၊ ခင်ဗျားသာ ဘာမှမသိဘဲ ခလုတ်တစ်ခုကိုင်မိရင် ခေတ်လိုက်သေမယ်၊ ခင်ဗျားမသွားဘူးတဲ့နေရာတစ်ခုသွားရင် ခေါင်းပေါ် တစ်ခုခုပြုတ်ကျမယ်၊ ဒါပဲ"

ဦးထွန်းအောင် စားလက်စပေါင်မုန့်ပင် ဆက်မစားနိုင်ဘဲ ကျော်ဇင်ကို ကြောင်ငေးကြည့်နေမိသည်။ သူပြောတာဟုတ်သည်လားမသိ၊ မူးလို့ပြောနေတာလည်း ဖြစ်နိုင်သည်။

"ဒါနဲ့နေပါဦး၊ ခင်ဗျားတို့ ဘာလို့များ တစ်ယောက်ကိုတစ်ယောက် ဒီလောက်မုန်းနေရတာလဲ"

ကျော်ဇင် အရက်ကို ဖန်ခွက်ထဲ လောင်းချရာမှ ရပ်သွားသည်။

"လောကမှာ ဘယ်လောက်အထိ ကြောက်စရာကောင်းတဲ့ မိန်းမမျိုး တွေ့ဖူးလဲ"

ဦးထွန်းအောင် ဘာမှပြန်မဖြေမိ။ ကျော်ဇင်၏မျက်နှာမှာ ပို၍ခက်ထန်လာသည်။

"ဘဝတစ်ခုလုံးကို လောင်းကြေးထပ်ပြီး အပျော်သဘောမျိုး ကစားရဲတဲ့မိန်းမ ခင်ဗျားမြင်ဖူးလား"

ဦးထွန်းအောင် ကျော်ဇင်ကို ငေးကြည့်နေမိသည်။ ကျော်ဇင်မျက်နှာကြီးမှာ ပို၍ ကြောက်စရာကောင်းလာသလို။

"တစ်ခုပဲ ခင်ဗျား စဉ်းစားကြည့်ပါ၊ သူ့ကိုသတ်မယ်မှန်း သိသိကြီးနဲ့ လိုက်လာရဲတဲ့မိန်းမဟာ ဘယ်လိုမိန်းမမျိုးလဲလို့"

ဦးထွန်းအောင် ဇဝေဇဝါဖြစ်သွားသည်။ သူပြောတာလည်း ဟုတ်နေသလို။ ထိုသို့ဖြစ်မယ်မှန်းသိလျှင် မည်သူကမှ လိုက်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်မဟုတ်။ မသိလို့လား။ ဒါမှမဟုတ် သူပြောသလို သိသိကြီးနဲ့လိုက်လာတာလား။ သူ မဝေခွဲနိုင်။ ထို့ကြောင့်

"ထားပါတော့ဗျာ၊ ခင်ဗျားတို့ရဲ့ ရန်ငြိုးအစက"

ကျော်ဇင် ဖန်ခွက်ကို မ,ယူပြီး ပြုံးလိုက်သည်။ ယမကာ အရောင်ကို အရသာခံနေသလို ကြည့်သည်။ ပြီးမှ

"ဒါဆိုရင်တော့ ခင်ဗျားကို ပုံပြင်တွေ ပြောပြရတော့မှာပေါ့"

ဦးထွန်းအောင် ဘာရယ်မဟုတ် ခေါင်းညိတ်လိုက်မိသည်။ ဒါကို ကျော်ဇင်မှပင် သူ၏ ပုံပြင်ကို ဤသို့စလိုက်လေသည်။

"ဟိုး တစ်ခါတုန်းက အချစ်ဆုံးသူငယ်ချင်းငါးဦး ရှိလေသည်ပေါ့ဗျာ"

လေပြည်တွင် လိပ်ပြာဝဲသလို၊ သူ၏စကားသံများ ဝဲပျံလာလေသည်။

× × ×





Killer. .

ကလေးငယ်များ ကစားလေ့ရှိသော ကစားနည်းတစ်ခု။ လူဆိုး(Killer)နှင့် Detective စုံထောက်တို့၏ ဉာဏ်ရည်ပြိုင်သော ကစားပွဲ။ ထိုကစားပွဲတွင် ကျန်သည့်သူများကလည်း အဖြည့်ခံမဟုတ်။ အမှားမခံသောသူများ။

ကစားပွဲ၌ Killerကပဲ နိုင်သွားမလား၊ စုံထောက်ကပဲ Killer ကို လူတွေမကုန်ခင် ဖမ်းမိသွားမလား၊ အဖြေကို အတိအကျမသိနိုင်။ လူတွေကြားထဲ ရောနေသော လူသတ်ကောင်ကို ရှာဖွေရန်မှာ လွယ်ကူသောကိစ္စမဟုတ်။ လူတွေကြားထဲ ရောနေသော စုံထောက်ကိုရှာ



www.burmeseclassic.com

www.burmeseclassic.com



ဖွေရန်ကလည်း လွယ်ကူလှသည်မဟုတ်။

လူတွေ၏အမူအကျင့်နှင့် သက်ဆိုင်သော လူ့ကဲခတ်ကျွမ်းကျင်မှ အနိုင်ရနိုင်သော ကစားနည်း။

ထိုကဲ့သို့ အပျော်ကစားရသော ကစားနည်းတွင် ဘဝများ ပျော်ဝင်နေသည်ဟုဆိုသော် သင် မည်သို့ခန့်မှန်းမည်နည်း။

သင်ကိုယ်တိုင်ရော ဘဝတစ်ခုလုံး ပုံ၍ ကစားနည်းတစ်ခုအပေါ် လောင်းကြေးထပ်ရဲပါသလား။

လုပ်ရဲသည်ဆိုပါက သင့်ဘဝကို အရှေ့ချထိုးလိုက်ပါ။

× × ×





ကျော်ဇင့်အရှေ့မှပုလင်းမှာ အတော်ကလေးကိုကျိုးနေပြီ။ ကျော်ဇင်သည်လည်း ခေါင်းငိုက်ကျနေပေပြီ။ ကြာတော့လည်း ဦးထွန်းအောင် စိတ်အချဉ်ပေါက်လာသည်။

ထို့ကြောင့် ကျော်ဇင်ကို မျက်မှောင်ကြုတ်ကြည့်ရင်း

"ခင်ဗျားပြောတာတွေက ဟုတ်ရောဟုတ်ရဲ့လားဗျာ၊ မဖြစ်နိုင်တာတွေ ပါနေပြီထင်တယ်"

ကျော်ဇင် ဦးထွန်းအောင်ကို မော့ကြည့်သည်။

"ဘာမဖြစ်နိုင်တာ ပါနေလို့လဲ"

"ဒီလိုအလွယ်တကူ ကစားကြတဲ့ ကစားနည်းကို ဘဝနဲ့ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး လောင်းကြတယ်ဆိုတာလေ"

"ဟားဟားဟား"

ကျော်ဇင်၏ ခပ်ဖွဖွရယ်သံကြားရ၏။ ပြီးမှ

"ကျွန်တော်တောင် ကညာ့ကို သနားလို့ နိုင်ငံခြားမှာ လေးနှစ်လောက် သွားပုန်းခဲ့ရတယ်လေ"

ဦးထွန်းအောင် ဇဝေဇဝါနှင့်ကျော်ဇင်တို့အိမ်ဖက် ငေးကြည့်မိသည်။ မေပျို၏ အရိပ်အယောင်ဟင် မမြင်ရတော့။ ကျော်ဇင်ကို ပြန်ကြည့်မိသည်။ အတော်မူးနေပြီဖြစ်ကြောင်း သူ၏မျက်ဝန်းများက တစ်ဆင့် သိရ၏။

"ခပ်ပျားကို သူတို့ရွေးချယ်ရခြင်းက"

ကျော်ဇင်ပြုံးလိုက်သည်။

"ကျွန်တော်ပြောပြီးပြီလေ၊ ငါးဂဏန်းသမားများဟာ မိတ်ဆွေဖွဲ့တတ်တယ်၊ စဉ်းစားပုံမြန်တယ်၊ ဦးနှောက်သုံးပြီးလုပ်ရတာ နှစ်သက်တယ်၊ အဲဒါတွေကြောင့်ပဲ အဲ ဒါပေမယ့် အရေးအကြီးဆုံးအချက်ကို သူတို့မပြောပြခဲ့ဘူး"

"အဲဒါက"

ဦးထွန်းအောင်၏အမေး။ ကျော်ဇင် သူ့ခေါင်းကိုသူ အုပ်ကိုင်ပြီး

"ဦးနှောက်သွေးကြောပြတ်တတ်တယ်ဆိုတာပဲ"

"ဟင်"

× × ×





ဦးထွန်းအောင် မှန်ပြောင်းနှင့်ချောင်းနေမိသည်။ မှန်ဘီလူးကလွတ်ကျပြီးကတည်းက သိပ်မကောင်းတော့၍ မြင်ကွင်းမှာ မရှင်းတော့။ ဝိုးတဝါးမြင်နေရတာကတော့

ကျော်ဇင်မှာ အိမ်ထဲလမ်းလျှောက်သွားရင်းနှင့်ပင် တွေ့ကရာကို ဆွဲယူပစ်ချသွားသည်။ မြင်မြင်သမျှကို ပစ်ထုတ်၏။ ထိုမျှနှင့်မကျေနပ်နိုင်ဘဲ ရေခဲသေတ္တာထဲမှ ပုလင်းများယူ၍ ကြမ်းပြင်ပေါ် ပစ်ချခဲ့နေသည်။ ပြီးနောက် မေပျိုကို တစ်စစီလိုက်ကောက်ခိုင်းပြီး သူက အရက်ပုလင်းတစ်လုံးဖွင့်ကာ စိမ်ပြေနပြေထိုင်ကြည့်နေသည်။

ကျော်ဇင်ကိုကြည့်ပြီး ဦးထွန်းအောင် ဒေါသတွေ လှိမ့်တက်မိ



www.burmeseclassic.com

www.burmeseclassic.com



အပျက်အစီးများကို
ရှင်းလင်းနေသော
မိန်းမပျို။
အရက်ခွက်ကို
ခြေချိတ်၍
ဇိမ်ခံကြည့်နေသော
ယောကျ်ား။



တက်နေရသည်။ ဤမျှလောက် လူပါးဝသော ယောကျ်ားမျိုး တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မျက်ဝါးထင်ထင် မမြင်ခဲ့ဘူး။ ယခုမှ မှန်ဘီလူးကောင်းမှုနှင့် မြင်နေရခြင်းသာ။ ဤကဲ့သို့လူမျိုးနှင့် အိမ်ထောင်ကျခြင်းသည်လည်း ငရဲကျခြင်းတစ်မျိုးသာ ဖြစ်ပေမည်။

"ကလင် ကလင် ကလင်"

တယ်လီဖုန်းမြည်သံ။ ဦးထွန်းအောင် ထပြီးဖုန်းကိုင်လိုက်သည်။

"ဟယ်လို"

"ဦးထွန်းအောင်လား"

ကျော်ဇင်၏အသံ။ ဦးထွန်းအောင် သက်ပြင်းချမိသည်။

"ခင်ဗျားတစ်ယောက်တည်း ပျင်းနေမယ်ထင်လို့ပါ၊ ဟဲဟဲ"

"ရပါတယ်ဗျာ၊ ကျွန်တော်နေတတ်ပါတယ်"

တစ်ဖက်မှအသံခေတ္တတိတ်သွား၏။ ပြီးမှ

"ဒီလိုလုပ်ဗျာ၊ ညနေမှ ကျွန်တော် ပုလင်းတစ်လုံးဝယ်ခဲ့မယ်၊ ညနေမှပဲ အေးအေးဆေးဆေး ဆုံကြတာပေါ့၊ ဘယ့်နှယ်လဲ"





ဦးထွန်းအောင် သက်ပြင်းသာချမိသည်။

"အေးလေဗျာ၊ ညနေဆုံချင်လည်း ဆုံပေါ့၊ ဟုတ်ဘူးလား"

"ဟားဟား အိုကေ အိုကေ"

ဖုန်းချသွားသည်။ ဦးထွန်းအောင် မှန်ပြောင်းနှင့်ပြန်ချောင်းကြည့်သည်။ အပျက်အစီးများကို ရှင်းလင်းနေသော မိန်းမပျို။ အရက်ခွက်ကို ခြေချိတ်၍ဇိမ်ခံကြည့်နေသော ယောကျ်ား။ မြင်ကွင်းက မသားနားလိုက်တာဟု စိတ်ထဲထင်မိသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အရက်ခွက်ကို ဖိမ်ခံကြည့်နေသော ကျော်ဇင်။ မီးရောင်မှိန်ပျပျအောက် သူ့မျက်နှာနီရဲရဲကြီးကိုမြင်နေရသည်။

မြင်ကွင်းက မသားနားလိုက်တာဟု စိတ်ထဲထင်နေမိသည်။

မနက်ကတည်းက သောက်ထားနေသူမို့လား မသိ။ မျက်နှာကြီးက မို့အစ်နေသည်။ ခေါင်းကို ဘယ်ယိမ်းညာယိမ်းနှင့် မော့က်ကျတော့မလို။

"ဒါနဲ့နေပါဦး၊ ခင်ဗျားပြောပြောနေတဲ့ ကညာနဲ့မြတ်ဆိုတာ"

သူ့ထံမှ ဟက်ခနဲ တစ်ချက်ရယ်သံကြားရသည်။ ပြီးမှ အရက်ခွက်ကို မော့သောက်ရင်း





"ရှိတော့ရှိတာပေါ့၊ ဒါပေမယ့် ပုန်းနေရတယ်"

ဦးထွန်းအောင် မျက်မှောင်ကြုတ်ကာ

"ဘာလို့လဲ"

ကျော်ဇင်က ဦးထွန်းအောင်ကို ရီဝေဝေကြည့်ရင်း

"ဒီဝံပုလွေမကို ကြောက်လို့လေ"

"ဩော်"

ဟုတ်မှန်း မဟုတ်မှန်းမသိ။ ဦးထွန်းအောင် ခေါင်းညိတ်နေရသည်။ အတန်ကြာမှ

"ဒါနဲ့ အမွေတွေကရော ဘယ်သူရသွားလဲ"

"ဘယ်သူမှမရဘူး'

"ဘယ်လို"

ကျော်ဇင်၏မျက်နှာ ခက်ထန်မာကျောသွား၏။ သူ့စိတ်ထဲ ခံပြင်းနေပုံလည်းရ၏။

"ဖြစ်ပုံက ဒီလိုဗျ"

× × ×



www.burmeseclassic.com

www.burmeseclassic.com



သူ၏ဆုံးဖြတ်ချက် မှန်မမှန်ကို မဝေခွဲနိုင်။ ချစ်ခြင်းမေတ္တာ တစ်ခုတည်းကို ရှေ့တန်းတင်၍ ချစ်သူ၏အလိုကျ မချစ်မနှစ်သက်သူကို လက်မှတ်ထိုး၍ ယူလိုက်ရသည်။ သူ့စိတ်ထဲမှာ လက်မှတ်ထိုးပွဲ တစ်ခုစာသာ။ ထိုမှလွန်မြောက်လျှင် ပြန်လည်ကွာရှင်းပြီး ချစ်သူနှင့် ပြန်လည်ပေါင်းဖက်ရန် စီစဉ်ထားရှိသည်။ ထိုအချိန်တွင် ငွေကြေးကိစ္စအတွက်လည်း ပူစရာမရှိတော့။ လက်မှတ်ထိုးပွဲပြီးသည်နှင့် ချစ်သူမှာ အမွေမြောက်မြားစွာ ရမည်ပဲ။ ထို့ကြောင့်. .

စေ့စပ်လက်မှတ်ထိုးပွဲမှာ မည်သူမှမပါရှိ။ ရပ်ကွက်အတွင်းမှ ရပ်မိရပ်ဖနှစ်ဦး သုံးဦးနှင့် ရှေ့နေ၊ တရားသူကြီးမျှသာ။ စေ့စပ်လက်





ထပ်ပွဲက မည်သို့မှပင် ပျော်စရာမကောင်းခဲ့။ သို့သော် ကံကောင်းခြင်း မြောက်မြားစွာ ရရှိဖို့ ကံဆိုးခြင်း ခဏတာ ခံစားခြင်းပင်။

လက်မှတ်ကိုယ်စီထိုးထားသော စာချုပ် တစ်ယောက်တစ်ရွက် ယူပြီး သူမတို့နေအိမ်သို့ ကားကလေးနှင့် ပြန်ခဲ့ကြသည်။ မကြာခင် ဆွဲဆုတ်ပစ်တော့မည့်စာချုပ်ကိုကြည့်၍ ရယ်ချင်နေမိသည်။ သူမက တော့ တကယ်ယုံ၍လားမသိ။ စာချုပ်ကို ကျစ်ကျစ်ပါအောင်ဆုပ် လျက်။

ကားပေါ်မှဆင်း၍ အိမ်ထဲဝင်လိုက်သည်နှင့်

"ကညာ မြတ်"

နှစ်ယောက်လုံးက ဧည့်ခန်းဆီမှ ဆီးကြိုစောင့်နှင့်ကြသည်။ သူတို့ကိုတွေ့သည်နှင့် ကညာ ထိုင်ရာမှထလာပြီး

"သတို့သား သတို့သမီးတောင် ပြန်လာပြီပဲ၊ ဟင်းဟင်း ရှင်းစရာရှိတာ တစ်ခါတည်း ရှင်းကြတာပေါ့၊ ဟင်းဟင်း"

ကညာက အောင်နိုင်သူတစ်ယောက်ပမာ ခပ်စီးစီးပြောသည်။ မြတ်ကတော့ မျက်နှာသိပ်မကောင်း။ ကျော်ဇင်ဝမ်းသာနေမိသည်။ ကညာ ကတိတည်ပြီပဲ။ လက်မှတ်ထိုးပြီးသည်နှင့် အချိန်မဆိုင်းဘဲ ပိုင်ဆိုင်မှုများ ခွဲယူမည်။ ပြီးလျှင် လက်မှတ်ထိုးထားသော စာချုပ်ကို ဖြဲပစ်လိုက်ရုံသာ။ ပြီးလျှင် ကျော်ဇင်က ဒီအိမ်မှနေ၍ ကညာကို လက်ဆွဲ၍ ထွက်သွားရန်သာ ရှိတော့၏။

မေပျိုက မျက်မှောင်ကြုတ်လိုက်ပြီး

"ဘာရှင်းစရာရှိသေးလို့လဲ ကညာ"

"ဟင်းဟင်း ဘာတွေမသိချင်ယောင် ဆောင်နေသေးတာလဲ မေပျို၊ နင်လည်း အိမ်ထောင်ကျပြီပဲ၊ ပိုင်ဆိုင်မှုတွေ ရှင်းကြတာပေါ့"

"ဪ"

မေပျို၏ ရေရွတ်သံ။ ကျော်ဇင်ကို ပြန်ငေ့ကြည့်သည်။ ကျော်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး
စိတ်လှုပ်ရှားစွာနှင့်
စကားမပြောပြဖြစ်။
ကျော်ဇင်ကတော့
သူတို့၏
ထိုးနှက်ချက်
အောင်မြင်တော့မှာမို့
ကြိတ်၍
ဝမ်းသာနေမိသည်။



ဇင်က မသိချင်ယောင်ဆောင်၍ မျက်နှာလွှဲနေလိုက်သည်။

"ကညာ ကညာ"

မေပျို တိုးတိုးဆိုသည်။ ပြီးမှ

"ဘာလို့ ဒီလောက်တောင် လိုချင်နေရတာလဲကညာ"

"အပိုတွေပြောမနေနဲ့ မေပျို၊ အဖေ့ရဲ့ကတိအတိုင်း နင် အိမ်ထောင်ကျပြီပဲ၊ ပိုင်ဆိုင်မှုတွေ ခွဲပြီးရင် ငါ ဒီအိမ်က အသာတကြည် ထွက်သွားမယ်၊ ငါ ရပိုင်ခွင့်ကို ရပြီးရင် နင်နဲ့လည်း မပတ်သက်တော့ဘူး မေပျို၊ ဒါပါပဲ"

ကညာ၏ ဒေါသတကြီး စကား။ မေပျိုက

"ကညာ ကညာ"

တီးတိုးရေရွတ်ပြန်သည်။ ပြီးနောက် သက်ပြင်းချရင်း

"အေးလေ၊ နင် ဒီလောက်လိုချင်နေမှတော့ ငါပေးလိုက်မယ်လေ"

"ရှေ့နေလိုသေးလား မေပျို"

"မလိုပါဘူးကညာ၊ ဒါတွေက ရှေ့နေတွေနဲ့ မဆိုင်ပါဘူး၊





ခဏစောင့်ပါ"

ဆိုကာ အိမ်ပေါ်ထပ်သို့ လှမ်းတက်သွားသည်။ အားလုံး စိတ်လှုပ်ရှားစွာနှင့် စကားမပြောပြဖြစ်။ ကျော်ဇင်ကတော့ သူတို့၏ထိုးနှက်ချက် အောင်မြင်တော့မှာမို့ ကြိတ်၍ ဝမ်းသာနေမိသည်။

သိပ်မကြာပါ။ မေပျို စာရွက်စာတမ်းတချို့နှင့် ပြန်ဆင်းလာသည်။ အားလုံး စိတ်လှုပ်ရှားစွာ မေပျိုကို ကြည့်နေသည်။ မေပျိုက ကညာရှေ့ ရပ်လိုက်သည်။ ပြီးနောက် ကညာကိုစိုက်ကြည့်ကာ

"ဒီအထဲမှာ နင်လိုချင်တာ အကုန်ပဲ ကညာ၊ နင်လိုချင်သလောက်ယူသွားပါ"

ဆိုကာ ယူလာသော စာရွက်စာတမ်းများကို ကညာလက်ထဲ ထိုးထည့်ပေးလိုက်သည်။

"ပေး ပေးစမ်း"

ကညာ ဝမ်းသာအားရ လှမ်းယူလိုက်သည်။ ပြီးနောက် စာရွက်စာတမ်းများကို ဖွင့်ဖတ်လိုက်တော့

"ဟင်"

ကညာ၏ခန္ဓာကိုယ် ယိုင်နဲ့သွားသလို။ ပြီးနောက် မျက်လုံးကြီးပြူးပြီး

"ဟင် ဒါ ဒါတွေက"

စာရွက်တချို့ ကြမ်းပြင်ပေါ် ကျကုန်၏။ မေပျိုက အေးဆေးစွာဖြင့်

"ပိုင်ဆိုင်သမျှအားလုံး မိဘမဲ့ဂေဟာနဲ့ ပရဟိတလုပ်ငန်းတွေမှာ လှူထားတယ်ကညာ၊ နင်က အိမ်ထောင်မပြုဘဲ နေတဲ့သူဆိုတော့ နှစ်ဆရမယ်လေ၊ ကုသိုလ်တွေနှစ်ဆ နင်ရမှာပါ၊ ကုသိုလ်တွေ နင်ပဲ သိမ်းကြုံးယူလိုက်ပါ ကညာ"

"အား"



www.burmeseclassic.com

www.burmeseclassic.com



ကညာ၏ အာခေါင်ခြစ်အော်သံ။ စာရွက်များက ညှော်ခန်း အနံ့ ကျဲပြန့်နေသည်။ မြွတ်၏မျက်ဝန်းတွင် မျက်ရည်များနှင့်။ ကျော် ဇင်ကတော့ မကြာမီ ဆွဲဆုတ်မည်ဟု ဆုံးဖြတ်ထားသော လက်ထပ် စာချုပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်လျက်။

အားလုံး မလှုပ်နိုင်လောက်အောင် ငြိမ်သက်နေမိသည်။

× × ×





အတ္တကြီးသူတွေကို လူတွေက ရွံမုန်း ကြတယ်။

ဒါပေမယ့် . .

သာမန်နဲ့စာရင် သူတို့ဟာ သူတို့ရဲ့ အောင်မြင်မှုနဲ့ ပိုပြီးနီးစပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင် အရက်ခွက်ကို မ,ယူလိုက်သည်။

"သူနဲ့ကျွန်တော် လက်မှတ်ထိုးတဲ့နေ့မှာတင် အဲဒီငွေတွေအားလုံး သူလှူပြီးသား ဖြစ်သွားပြီလေ"

"ဟင်"

ငွေအတွက်၊ ဂုဏ်သိက္ခာအတွက် တိုက်ခိုက်ရင်း ဘာအကျိုးအမြတ်မှ မရခဲ့ရှာသော မိန်းမများကို စာနာမိသလိုလို။

"အဲဒါပဲဗျာ၊ ဒီမိန်းမ ဘယ်လောက်ယုတ်မာသလဲဆိုတာ စဉ်းစားသာကြည့်"

ဦးထွန်းအောင် ကျော်ဇင်ကို ငေးကြည့်နေမိသည်။ အတန်





ကြာမှ

"ဒါနဲ့ နေပါဦး၊ ခင်ဗျားက သူ့ကိုယုတ်မာတယ်လို့ အမြဲပြောနေတယ်၊ သူက ဘာယုတ်မာခဲ့လို့လဲ"

"ဘာယုတ်မာလို့လဲ ဟုတ်လား"

ကျော်ဇင် မျက်နှာပေါက်ထွက်မတတ် ခက်ထန်သွားသည်။

"ကျုပ်ပြောပြရင် ခင်ဗျားယုံနိုင်မယ်တောင် မထင်ဘူး"

ကျော်ဇင်၏စကားများက သူ့မျက်နှာလို ပေါက်မကွဲမတတ် ခက်ထန်နေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ယခုတလော နေရထိုင်ရ အဆင်မပြေသလို ဖြစ်နေမိသည်။ ညဖက် အရက်များနေတာ ရက်ဆက်နေ၍လားမသိ။ မနက်အိပ်ရာထသည်နှင့် ခေါင်းက ပြင်းထန်စွာကိုက်ခဲ၍ ရင်ကတလှပ်လှပ်တုန်နေသည်။ နောက်ပြီး ခန္ဓာကိုယ်ကလည်း ဘာဖြစ်မှန်းမသိ၊ မျက်နှာကြီး အမ်းပြီး ကိုယ်ခန္ဓာကလည်း ယားယံပြီး နီရဲသောအစက်အပြောက်များ ယောင်ကိုင်းနေသော အဖုကြီးများ နေရာအနှံ့ထွက်နေသည်။ အဓိက ရင်တလှပ်လှပ်ပြင်းထန်စွာ တုန်လှုပ်နေခြင်းသာ။ ကျန်းမာရေးအရ စိတ်မချရ၍ ဆရာဝန်တစ်ယောက်ဆီ သွားပြလိုက်ရသည်။

ဆရာဝန်က အနည်းငယ်သာ စစ်ဆေးပြီး

"ခင်ဗျား မလုပ်သင့်တဲ့ကိစ္စတွေ လုပ်ထားတာဗျ"





"ဗျာ"

ဆရာဝန်စကားကြောင့် သူ ကြောင်သွားသည်။ ဘာတွေ မလုပ်သင့်သည့်ကိစ္စများကို လုပ်ထားမိသည်ကို ကိုယ်တိုင်ပင်မသိ။

"သေတတ်တယ်၊ ကိုယ့်လူ သတိထား၊ မသေရင်တောင် ရူးလိမ့်မယ်"

"ဗျာ ဗျာ ဘယ်လို"

ဆရာဝန်ပြောသမျှ ဇဝေဇဝါနှင့် နားထောင်နေရသည်။ ဆရာဝန်က သက်ပြင်းချကာ သူ့ကိုပြန်ကြည့်ရင်း

"ခင်ဗျား အရက်ဖြတ်ဆေးတွေ သောက်ထားရင် အရက်ပြန်မသောက်ရဘူးဆိုတာ နားမလည်ဘူးလား"

"ဗျာ ဗျာ"

ဆရာဝန်ပြောသမျှ သူ တစ်ခုမှ နားမလည်နိုင်။

"အရက်သမားအတော်များများဟာ အရက်ဖြတ်ဆေးတွေ စားပြီး စိတ်မခိုင်ဘဲ အရက်ပြန်သောက်ကြလို့ ဆုံးကြရတာချည်းပဲ၊ စိတ်မခိုင်ရင် အရက်မဖြတ်နဲ့၊ အဲ အရက်ဖြတ်ဆေးတွေ စားပြီးရင်လဲ အရက်ကို လုံးဝမသောက်သင့်တော့ဘူးဗျ"

အလိုလိုနေရင်း သူ ခေါင်းတွေ မူးနောက်လာသည်။ သူမသိသော ကိစ္စတွေချည်း ပြောနေသည်ကိုး။ ထို့ကြောင့် ခေါင်းကိုယမ်းပြီး

"မဟုတ်သေးဘူး ဆရာ၊ ဆရာပြောတာ ကျွန်တော် နားမလည်နိုင်ဘူး"

ဆရာဝန်က မျက်မှောင်ကြုတ်ရင်း

"ခင်ဗျား ဘာကို နားမလည်သေးတာလဲ"

"ကျွန်တော်မှ အရက်ဖြတ်ဆေး မစားတာဗျာ"

ဆရာဝန်၏ လှုပ်ရှားမှု ရုတ်တရက် ရပ်တန့်သွားသည်။ နောက် သူ့မျက်လုံးကို ပြန်ဖြဲကြည့်သည်။ သွေးခုန်နှုန်းပြန်စမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းမကလားဗျ၊
ကျုပ်ကို
ချစ်လို့လုပ်မှာ၊
သူ
ကျွန်တော့်ကို
သေစေချင်နေတာ၊
သေစေချင်နေတာ"



ရင်ဘတ်ကို နားကြပ်နှင့် ပြန်ထောက်သည်။ ပြီးနောက် ခေါင်းညိတ်ပြီး

"ခင်ဗျားကိုယ်တိုင် မစားရင် တစ်ယောက်ယောက်က ခင်ဗျားကို ဒီဆေးတိုက်နေတာဗျ"

ကျော်ဇင် စိတ်ရှုပ်စွာ ခေါင်းယမ်းလိုက်သည်။

"မဟုတ်သေးဘူးလေဗျာ၊ ကျွန်တော်ကိုယ်တိုင်ကမှ အရက်ဖြတ်ဆေးကို မစားတာဗျာ၊ ဘယ်သူက လာကျွေးရမှာလဲ"

ဆရာဝန်က နားကြပ်ကို ခေါက်သိမ်းရင်း

"ခင်ဗျား မစားရင်တောင် ခင်ဗျားရဲ့အစားအစာထဲ အရက်ဖြတ်ဆေးကို ရောနှောပြီး ကျွေးတာမျိုးပေါ့ဗျာ"

"ဗျာ"

သူ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ တစ်ယောက်သောသူ၏ မျက်နှာကို ကွက်ခနဲ ပြေးမြင်မိသည်။

"တချို့လူတွေက အဲ မိန်းမတွေပေါ့ဗျာ၊ ကိုယ့်ရဲ့ယောက်ျားကို ချစ်လည်းချစ်၊ မပြောလည်းမပြောရဲတဲ့အခါ ယောက်ျားစားတဲ့အစားအစာ၊ ဥပမာ ထမင်းပေါ့ဗျာ၊ ထမင်းထဲ အရက်ဖြတ်ဆေးကို ကြိတ်ပြီး





ရောနယ်ကျွေးတတ်ကြတယ်၊ အဲဒီအခါ ယောက်ျားသားရဲ့ခန္ဓာကိုယ်မှာ အရက်နဲ့မတွဲ့တဲ့ ပုံသဏ္ဌာန်မျိုး ပေါ်လာရင် အရက်ဖြတ်ဖို့ ဖြည်းဖြည်းချင်း တိုက်တွန်းတတ်ကြတယ်လေ၊ ဒါပေမယ့် ဒါတွေက ယောက်ျားတွေက လျှော့လိုက်ရင် ဘာမှမဖြစ်ပေမယ့် မလျှော့ရင် သေတတ်တယ်ဗျ၊ သူတို့က ချစ်လို့လုပ်တယ်ဆိုပေမယ့်"

"ချစ်လို့မဟုတ်ဘူးဗျ၊ သေစေချင်လို့လုပ်တာ"

"ဟင်"

စကားမဆုံးခင် ထွက်ပေါ်လာသော ကျော်ဇင်၏ ဒေါသတကြီးအသံကြောင့် ဆရာဝန်ပင် ကြောင်သွား၏။

"ဒီမိန်းမကလားဗျ၊ ကျုပ်ကို ချစ်လို့လုပ်မှာ၊ သူ ကျွန်တော့်ကို သေစေချင်နေတာ၊ သေစေချင်နေတာ"

ဆရာဝန် မျက်စိမျက်နှာ ပျက်သွား၏။ အရှေ့မှာကလည်း အခြားလူနာများက ရှိနေသေးသည်ကို။ ထို့ကြောင့် လေသံတိုးတိုးဖြင့်

"ကဲ အခု ခင်ဗျားလည်း အခြေအနေသိပြီဆိုတော့"

"ကျွန်တော် ဘာလုပ်သင့်လဲ ဆရာ"

ဆရာဝန် သက်ပြင်းချသည်။

"ခင်ဗျား အရက်ဖြတ်မှကိုရမှာ"

"မဖြတ်ရင်"

ဆရာဝန်က သူ့ကိုစိုက်ကြည့်ရင်း

"အရက်က ခင်ဗျားကို ဖြတ်သွားလိမ့်မယ်လေ"

"ဗျာ"

ခန္ဓာကိုယ်က တောင့်ခနဲ။ Killer က တကယ်လုပ်ငန်းစနေပြီမှန်း သူသိလိုက်ရသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်မတည့်သော အရက်ပုလင်းက အတော်ပင်ကျိုးနေပေပြီ။ သူ၏ခန္ဓာကိုယ်ကလည်း ပို၍ပင် ယိမ်းထိုးနေပေပြီ။ သူပြောသလို သူ၏မျက်နှာနှင့် အသားအရည်များက ပို၍ ယောင်ကိုင်းလာသယောင်။

"ခင်ဗျား စဉ်းစားကြည့်လေ"

မျက်နှာကျက်မှ ပန်ကာသံမှလွဲ၍ သူ၏အသံတစ်ခုသာ ချောက်ချားစွာ ကြားနေရသည်။

"ဒါဟာ ဒဏ်ရာအနာတရမရှိဘဲ လူတစ်ယောက်ကို သေစေနိုင်တဲ့နည်းပဲ မဟုတ်လား၊ ခင်ဗျားတောင် ဒါမျိုး စဉ်းစားမိရဲ့လား"

ဦးထွန်းအောင် ခေါင်းကုတ်လိုက်မိသည်။ ဘာပြောရမှန်းလဲ



BURMESE CLASSIC .com



မသိပါ။ ဘယ်သူမှန်လဲမသိ။ ထို့ကြောင့်

"ခင်ဗျားကလဲဗျာ၊ ဒါက သူက ခင်ဗျားကိုချစ်လို့၊ အရက်ရဲ့ ကျေးကျွန် မဖြစ်စေချင်လို့ လုပ်တာလဲ ဖြစ်မှာပေါ့"

ကျော်ဇင်၏မျက်နှာ မဲ့ကျသွားသည်။

"ချစ်လို့ ဟုတ်လား"

သူ၏မျက်လုံးများက ကြောက်မက်ဖွယ်ကောင်းသွားသည်။

"ချစ်တယ်ဆိုတဲ့စကား သူတို့မှာမရှိဘူး၊ ခင်ဗျားစဉ်းစားကြည့်လေ၊ တစ်သက်လုံး အတူနေလာတဲ့ ညီအစ်မချင်းတောင် ဒီလောက်တောင် တိုက်ခိုက်လာကြတာ၊ သူစိမ်းဖြစ်တဲ့ ကျုပ်လိုကောင်မျိုးကို မေတ္တာရှိတယ်ဆိုတာမျိုးက စဉ်းစားလို့တောင်မရဘူး"

"ဒါပေမယ့် ခင်ဗျားနဲ့က ယူထားကြတာလေ"

"ယူထားတယ် ဟုတ်လား"

အခြေအနေက အလိုလိုနေရင်း တင်းမာလာသယောင်။ အလိုလိုနေရင်း တစ်ယောက်ကိုတစ်ယောက် မုန်းတီးလာသယောင်။

"ကျုပ်တို့က ချစ်ဖို့ယူထားတာ မဟုတ်ဘူး"

တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေမိသည်။

"သတ်ဖို့ယူထားတာ"

"ဟင်"

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဒယီးဒယိုင်နှင့် ပြန်သွားသောကျော်ဇင်ကို ဦးထွန်းအောင် မှန်ပြောင်းထဲမှ မြင်နေရသည်။

“ဒီမိန်းမကို ကျုပ်သတိပြုမယ်၊ ခင်ဗျားကြည့်နေကျ မှန်ပြောင်းကနေ စောင့်ကြည့်နေ”

ဆိုသောစကားများ ပဲ့တင်ထပ်နေသည်။ ကျော်ဇင်၏ခန္ဓာကိုယ်ကလည်း လမ်းဘေးလဲကျနိုး၊ မြေပြင်ပေါ် မှောက်ကျနိုးနှင့် ယိုင်ထိုးနေသည်။ သူတို့အိမ်ကလေးကတော့ မီးရောင်ပင် မမြင်ရတော့။

“ဟုတ်သား အချိန်က ဆယ့်နှစ်နာရီ ကျော်နေပေပြီပဲ”

ခြံဝရောက်သည်နှင့် ခြံတံခါးကို ကိုင်လှုပ်ပြီး အော်ဟစ်ဆဲဆို

ဝိုး : မိုး : ၀၁၆ပ



နေသည်။ သိပ်မကြာပါ။ စက်ခလုတ်နှင့်မို့ လူဖွင့်စရာမလိုဘဲ ခြံတံခါးက အလိုလိုပွင့်သွားသည်။

ဒယီးဒယိုင်နှင့် ခြံတဲဝင်သွားသည်ကို တွေ့ရသည်။ သူ၏ဒူးများက ညွတ်ခွေမတတ် ဖြစ်နေသည်။

သူ အိမ်အဝမရောက်မီမှာပင် မေပျိုက အိမ်တံခါးကို ဖွင့်ထားပေးပြီးသား ဖြစ်နေပေပြီ။

ကျော်ဇင် တံခါးဝတွင် ရပ်နေသောမေပျိုကို တွန်းချပြီး အိမ်ထဲဝင်သွားသည်ကို နောက်ဆုံးမြင်လိုက်ရလေသည်။

ဦးထွန်းအောင် မှန်ပြောင်းကို စားပွဲခုံပေါ် တင်ရင်း သက်ပြင်းချမိသည်။ လောက၌ ဤမျှလောက်ဆိုးသွမ်းသူကိုလည်း တွေ့ရခဲလှကြောင်း သူ နောက်ဆုံးစဉ်းစားလိုက်မိသည်။

× × ×

ဝိုး : မိုး : ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



နွေရာသီနံနက်ခင်းမို့ ရာသီဥတုက ပွင့်လင်းနေသည်။

အမြဲတစေ မဟုတ်သော်ငြား ရံဖန်ရံခါ၌တော့ ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်တတ်မြဲ။ အနည်းငယ်ဆူဖြိုးနေသော သူ၏ခန္ဓာကိုယ်ကို အဆီချရန်လိုအပ်ပြီလေ။

ခါတိုင်းဆိုလျှင်တော့ ဆောင်းရာသီနံနက်ခင်းမှသာ ကျန်းမာရေးအတွက် ပြုလုပ်တတ်ခဲ့သော်လည်း ယခုတော့ နွေရာသီနံနက်ခင်း၌ပင် နံနက်ခင်းလမ်းလျှောက်ထွက်နေရလေပြီ။

အကြောင်းရှိပါသည်။ နေ့စဉ်နှင့်အမြဲ ပြောင်းလာတာ မကြာသေးသော တစ်ဖက်ခြံမှ အရက်သမားကျော်ဇင်၏ စကားများကို





နားကြားပြင်းကပ်လာသည်ကတစ်ကြောင်း၊ သူပြောသမျှတို့ကို ဟုတ်မဟုတ် သိလိုသည်တို့ကြောင့် နံနက်ခင်းလမ်းလျှောက်ထွက်နေရခြင်းဖြစ်၏။

ဤအချိန်မျိုး၌ သူ၏ ဝံပုလွေမဆိုသော မေပျို ဈေးမှလမ်းလျှောက်ပြန်တတ်၍ ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်သယောင်ပြုလုပ်၍ လူရှင်းသောနေရာ၌ မေပျိုကို စောင့်နေခြင်းဖြစ်သည်။

ယနေ့မှ တွေ့ချင်သည့် အချိန်ကျမှ စောင့်ရတာ ပို၍ကြာမြင့်နေသယောင်။ လူရှင်းသောနေရာတွင် အကြောလျှော့ဟန်ပြုရင်း စိတ်ရှည်လက်ရှည်စောင့်နေလိုက်သည်။

"ဟော"

သူ စောင့်ရကျိုးနပ်ပါသည်။ မေပျိုအား လမ်းချိုးလေးထဲမှ ဈေးခြင်းလေးနှင့် ထွက်လာသည်ကို တွေ့ရ၏။ အလိုလိုနေရင်း သူ့ရင်ထဲ တထိတ်ထိတ်။

အနားရောက်မှ မေပျို့၏အသားအရည်မှာ သူထင်တာထက်ပင် ဖြူလျော်နေသည်ကို သတိထားမိသည်။

အသားဖြူလျော်လျော်၊ ဆံပင်နက်နက်နှင့်မို့ သူ့ကိုမြင်လျှင် ဝိညာဉ်တစ်ကောင် လမ်းလျှောက်သွားနေသည်ဟုပင် ထင်မှတ်ရနိုင်ပါသည်။

"မေပျို"

သူမ၏ခြေလှမ်းများ တုန့်သွားသည်။ နောက် ဦးထွန်းအောင်ကို စေ့ကြည့်သည်။ သူမ သိပုံမပေါ်။ ဦးထွန်းအောင် ဘာဆက်ပြောရမှန်းမသိ။ သို့သော် အားတင်း၍

"ကျွန်တော် ကျော်ဇင်ရဲ့မိတ်ဆွေပါ၊ ဟိုလေ မေပျိုတို့အိမ်ခြေရင်းက"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းအောင်
ပါးစပ်အဟောင်းသား
ဖြစ်သွားရသည်။
ကျော်ဇင်ပြောခဲ့တာနဲ့
မေပျို
ပြောနေတာတွေက
တခြားစီကိုး။



“ဩော်”

သူမပုံက ဘာမှမပြောင်းလဲ၊ အံ့သြဟန်လည်းမပြ။ ခြေလှမ်းကို မှန်မှန်ပင်ပြန်စသည်။ ဦးထွန်းအောင်က မေပျိုနံဘေးက ကပ်လျှောက်လာသည်။

“အင်း ကျော်ဇင်ကတော့ ပြောဖူးတယ်၊ ဒီမှာ သူနဲ့ခင်တဲ့သူ တစ်ယောက်ရှိနေပြီတဲ့”

သူမပုံမှာ နာကြည်းနေဟန်လည်း မရှိ။ ထို့ကြောင့် ဦးထွန်းအောင် အနည်းငယ် အားတက်လာပြီး၊

“ဟုတ်တယ်၊ ဟုတ်တယ်၊ သူက နေ့တိုင်းနီးပါး အိမ်ကို လာတတ်တယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် အဟဲ အရက်လာသောက်တာပေါ့”

“ဩော်”

မေပျိုက ခေါင်းညိတ်သည်။ နှစ်ယောက်တည်း လမ်းလျှောက်ပြန်ရတာမို့ အေးအေးဆေးဆေးရှိလှသည်။

“ဒါနဲ့ ကိုကျော်ဇင်က အရက်သောက်တာ သိပ်များနေတယ်





ထင်တယ်နော်”

မေပျိုက ခေါင်းညိတ်ရင်း

“ဟုတ်တယ်၊ များတယ်၊ သူ့ကိုလည်း လျှော့ဖို့ပြောတာပဲ၊ ဒါပေမယ့် သိတယ်မဟုတ်လား၊ သူက ခေါင်းမာတယ်လေ”

ဦးထွန်းအောင် မေပျိုကို အသေအချာ လေ့လာနေသည်။ သူမပုံမှာ ကျော်ဇင်ပြောတာနှင့် တခြားစီမှတခြားစီ။ စကားပြောယဉ်ကျေး၍ အင်မတန် အေးအေးဆေးဆေး နိုင်လှသည်။ ထို့ကြောင့် ဦးထွန်းအောင်ခမျာ မေးချင်သောမေးခွန်းများကိုပင် မမေးရက်နိုင်ဖြစ်နေမိသည်။ သူမကိုကြည့်ရင်းနှင့်ပင် သနားစိတ်များ အလိုလိုဝင်နေမိတော့၏။ မေးလိုက်သော မေးခွန်းလေးတစ်ခုကပင် သူမကို စိတ်အနှောင့်အယှက် ဖြစ်မှာ မလိုလားပေ။ သို့သော် နှုတ်မှ အလိုလိုနေရင်းနှင့်

“မေပျိုတို့အိမ်ထောင်ရေးကရော အဆင်ပြေရဲ့လား”

သူမ ဦးထွန်းအောင်ကို ဝေ့ကြည့်ပြီး

“အဆင်ပြေပါတယ်၊ ကျော်ဇင်က တစ်ခါတလေ ဒေါသကြီးတတ်တာကလွဲပြီး ကောင်းပါတယ်”

ဦးထွန်းအောင် မချင့်မရဲ ဖြစ်သွားသည်။ ကိုယ့်အပေါ် ဒီလောက်ဆိုးသွမ်းစွာ ဆက်ဆံသူကိုမှ ကောင်းကြောင်းထောက်ခံနေသည်ဆိုတော့။ ထို့ကြောင့်

“ဟိုလေ သူက နေ့ညမပြတ်၊ အရက်သောက်နေတာဆိုတော့ အဲဒါ”

သူ့စကားမဆုံးလိုက်။ မေပျိုက ခေါင်းညိတ်၍

“ဟုတ်တယ်၊ အဲဒီအတွက်နဲ့ သူလည်း စိတ်ကျန်းမာရေးဆေးရုံ ရောက်ပြီးပြီ”

“ဘာ”



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းအောင် လန့်သွားသည်။ သူ မထင်ထားသောအဖြေကို ကြားလိုက်ရသည်ကိုး။ ဒါကို မေပျို့မှဆက်၍

"ဆေးရုံက အရက်ဖြတ်ဆေးနဲ့ ဖြတ်ပေးလိုက်တယ်လေ၊ ဒီဆေးတွေက အရက်နဲ့မှမတည့်တာ၊ ပြန်သောက်တာနဲ့ လူကို ဒုက္ခပေးတော့တာပဲ၊ ဒါကို သိသိကြီးနဲ့ ဆက်လုပ်နေတုန်းပဲလေ၊ ပညာတတ်လူမိုက်ပေါ့"

ဦးထွန်းအောင် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ ကျော်ဇင်ပြောခဲ့တာနဲ့ မေပျို့ပြောနေတာတွေက တခြားစီကိုး။ ထို့ကြောင့်

"ဒါ ဒါနဲ့"

"ဩော် ဦးထွန်းအောင် အိမ်ထဲဝင်ပါဦးလား"

"အဲ"

ဟုတ်သား။ စကားပြောရင်း လမ်းလျှောက်လာတာ သူတို့အိမ်ရှေ့တောင် ရောက်နေပြီပဲ။ ဦးထွန်းအောင် လိုက်သွားသင့်နိုးမသင့်နိုး စဉ်းစားရင်း

"ဩော် မလိုက်တော့ပါဘူး၊ နောက်မှပဲ ကိုကျော်ဇင်နဲ့လာခဲ့ပါ့မယ် အခုတော့"

"ဒါဖြင့် ခွင့်ပြုပါဦးရှင်"

"ဟုတ် ဟုတ်ကဲ့ပါ"

ဦးထွန်းအောင် လမ်းဖယ်ပေးရင်း မေပျို့ အိမ်ထဲဝင်သွားသည်အထိ ငေးကြည့်နေမိတော့သည်။ သူမကို မမြင်ရတော့မှ ခြေလှမ်းပြန်စရင်း

"ကျော်ဇင်ပြောတာတွေနဲ့ တခြားစီတွေပါပဲလား"

ဟု တွေးမိရင်း သူ့အိမ်ဖက်သို့ ပြန်လျှောက်လာမိသည်။ ခေါင်းထဲတွင်လည်း ဘယ်သူ့စကားက မှန်မှန်းမသိဘဲ နောက်ကျိနေ



BURMESE CLASSIC .com



မိသည်။ ပြောစကားတွေသာ ကြားနေရပြီး အဖြစ်မှန်ကို မကြုံတွေ့ခဲ့ရ၍ ဘယ်သူ့စကားက အတည်ယူရမှန်းမသိ။ စဉ်းစားရင်း ခြံထဲဝင်လာမိသည်ကိုပင် သတိမထားမိ။

ဘေးဘီဝေ့ကြည့်ရင်း

"တော်ပြီကွာ၊ ဒါတွေ မစဉ်းစားတာပဲ ကောင်းပါတယ်"

ဟု တွေးမိပြီး အိမ်တံခါးကို တွန်းဖွင့်လိုက်သည်။

"ဟာ"

အလိုက်သင့်ပွင့်သွားသော တံခါးကြောင့် အံ့အားသင့်သွားမိသည်။ ကမန်းကတန်း အိမ်ထဲဝင်လိုက်တော့

"ဟာ"

"ဟယ်လို ခြေလှမ်းတွေသွက်နေပါလား၊ ဦးထွန်းအောင်"

"ဟင်"

× × ×



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းနဲ့ မုန်းခြင်းမှာ

ချစ်ခြင်းဟာ ရေရှည်ခံချင်မှ ခံလိမ့်မယ်၊

အမုန်းတရားက ရာသက်ပန်လည်း ဖြစ်နိုင်တယ်။

ဒါကြောင့်. .

ချစ်ရာက မုန်းသွားတာ ဖြစ်နိုင်တယ်။

မုန်းရာက ချစ်ဖို့ဆိုတာ အတော်မဖြစ်နိုင်တဲ့ကိစ္စ





"ဟယ်လို ခြေလှမ်းတွေ သွက်နေပါလား ဦးထွန်းအောင်"

"ဟင်"

အိမ်ထဲညှော်ခန်းတွင် အကျအနထိုင်ပြီး ယမကာခွက်ကိုလှည့်ကစားနေသော ကျော်ဇင်ကိုမြင်တော့ ဦးထွန်းအောင် အံ့အားသင့်သွားရသည်။

"ဟင် ခင်ဗျား ခင်ဗျား ဘယ်လိုကြောင့် အိမ်ထဲရောက်နေတာလဲ"

သူ့အမေးကို ကျော်ဇင်က ပခုံးတွန့်ရင်း

"ဒီလိုပဲလေ၊ ခင်ဗျားဆီကိုလာရင်း ဘယ်သူမှမတွေ့လို့ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေတာ"

ဦးထွန်းအောင် သူ့အိတ်ကပ်ထဲမှ အိမ်သော့ကို ပြန်စမ်းမိသည်။

"သော့ သော့က ခင်ဗျား ဘယ်လိုဖွင့်တာလဲ"

"ပွင့်နေတာလေ၊ ဒီအတိုင်းပွင့်နေလို့ ဝင်ထိုင်နေတာပေါ့"

ဦးထွန်းအောင် ဇဝေဇဝါဖြစ်သွားသည်။ မဖြစ်နိုင်၊ သူ အိမ်အပြင်ထွက်စဉ် တံခါးကို အသေအချာ ပိတ်ခဲ့သည်ပဲ။ ထို့ကြောင့် စကားစဖို့ ကြံရွယ်ဆဲမှာပင်

"ကဲ ထားပါ၊ ဒါက အရေးမကြီးပါဘူး၊ ကျုပ်က ခင်ဗျားကို ဒုက္ခပေးမယ့်သူလည်း မဟုတ်ဘူး၊ ခင်ဗျားပစ္စည်းတွေကို ယူပြေးမယ့်သူလည်း မဟုတ်ပါဘူး၊ ဒါကလွဲလို့ပေါ့၊ ဟဲဟဲ"

သူ့လက်ထဲက ဖန်ခွက်ကို မြှောက်ပြသည်။ ဦးထွန်းအောင် ဘာမှမပြောသာတော့။ အိမ်ထဲသို့သာ ဝင်လိုက်ရသည်။ ကျော်ဇင်က သရော်ဟန်မျက်နှာပေးနှင့် ဖန်ခွက်ကိုလှည့်ရင်း

"လုပ်စမ်းပါဦးဗျ၊ ဝံပုလွေမနဲ့ ဘာတွေများ စကားလက်ဆုံကျခဲ့လဲ၊ ဟဲဟဲ"

ဦးထွန်းအောင် ဘာမှပြန်မပြောဘဲ ခပ်ချဉ်ချဉ်နှင့်ပင် သူ့ရှေ့ဝင်ထိုင်လိုက်သည်။ ကျော်ဇင်က သူ့ဆီက အရက်ခွက်ကိုသာ စိမ်ပြေနပြေ သောက်နေသည်။ ပြီးမှ

"ခင်ဗျားကို ဒီကောင်မ ဘာမဟုတ်မဟုတ်တွေ ပြောခဲ့သေးလဲ၊ ပြောစမ်းပါဦးဗျ"

ကျော်ဇင်၏ မချိမချဉ်အသံကြီးကြားတော့ ဦးထွန်းအောင်ပို၍အမြင်ကတ်သွားသည်။ ထို့ကြောင့်

"ဒါနဲ့ နေပါဦး၊ ခင်ဗျား စိတ်ကျန်းမာရေးဆေးရုံ ရောက်ဖူးတယ်ဆို"







"လုပ်စမ်းပါဦးဗျ၊ ခင်ဗျားပြောတဲ့ အထဲမှာ မပါသေးတဲ့ ခင်ဗျား စိတ်ကျန်းမာရေးဆေးရုံ ရောက်သွားရခြင်း အကြောင်းလေး ဟဲဟဲ"

"ဟင်"

ကျော်ဇင် မျက်နှာ ချက်ချင်းပျက်ကျသွား၏။ ဒါကို ဦးထွန်းအောင်က သဘောကျသွားပြီး ခုံကို အားရပါးရမှီလိုက်ကာ

"လုပ်စမ်းပါဦးဗျ၊ ခင်ဗျားပြောတဲ့အထဲမှာ မပါသေးတဲ့ ခင်ဗျား စိတ်ကျန်းမာရေးဆေးရုံ ရောက်သွားရခြင်းအကြောင်းလေး ဟဲဟဲ"

ကျော်ဇင် ကိုင်ထားသော ဖန်ခွက်ကို ဒေါသတကြီး ဆွဲညှစ်လိုက်သည်။ ဘာစကားသံမှ ထွက်မလာ။ သူ့ပုံကိုကြည့်ပြီး ဦးထွန်းအောင် အကြီးအကျယ် သဘောတွေ ကျနေ၏။ ထို့ကြောင့် ထိုင်ခုံပေါ် ခြေချိတ်ကာ ကျော်ဇင်ကို အရသာခံကြည့်ရင်း

"ဒါကတော့ အဖြစ်မှန်ပဲ ထင်တယ်နော်၊ ကိုကျော်ဇင် ပြောစမ်းပါဦးဗျ"

ကျော်ဇင် မျက်နှာ အပျက်ပျက် အယွင်းယွင်းနှင့် ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ဒါကို ဦးထွန်းအောင်က မထီတရီမျက်နှာပေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဦးဗျ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျုပ် စိတ်ကျန်းမာရေးဆေးရုံ ရောက်ခဲ့တယ်"

ကျော်ဇင်က အရက်ခွက်ကို စားပွဲပေါ် ဆောင့်ချပြီး ဒေါသတကြီးအော်သည်။ ပြီးနောက် ဦးထွန်းအောင်ကို စိုက်ကြည့်ပြီး

"ဟုတ်တယ်၊ ကျုပ် စိတ်ကျန်းမာရေးဆေးရုံ ရောက်ခဲ့တယ်၊ ဘာကြောင့်ရောက်ခဲ့လဲ သိလား"

ဦးထွန်းအောင် မထီတရီ ပြုံးပြီး

"လုပ်စမ်းပါဦးဗျ"

သူ့အမေးကို ကျော်ဇင်က မျက်နှာကိုမဲ့ရွဲ့ပြီး

"အဲဒီမိန်းမ ကောင်းမှုနဲ့ ရောက်ခဲ့တာ၊ ဘာကြောင့်လဲဆိုတာ ကျွန်တော်ပြောပြမယ်"

× × ×





အပြင်မှာ မိုးသံများ ကြားနေရသည်။ သစ်ရွက်လေတိုးသံ၊ သစ်ကိုင်းရိုက်သံတို့က ချောက်ချောက်ချားချား။

ညဦးပိုင်းက အရက်များထားပြီး အရက်ဖြတ်ဆေးဒဏ်များကြောင့် နှလုံးက ပြင်းထန်စွာ တုန်လှုပ်နေသည်။ အေးနေသည့်ကြားထဲ အလိုလို ဇောချွေးများ စိမ့်ထွက်လာသယောင်။ အိပ်ရာပေါ် လူးလိမ့်နေရင်း ဒိန်းခနဲကျယ်လောင်သော မိုးကြိုးပစ်သံကြောင့် ရုတ်တရက်ထထိုင်မိသည်။

"အား"

မြင်ရသောမြင်ကွင်းကြောင့် သူ လန့်အော်မိသည်။ သူ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ရှိသောအခန်းထဲ၌ ရေတွေစိုရွှဲ၍ ထက်မြနေသော ဓားတစ်ချောင်းကိုင်ထားသော မိန်းမတစ်ယောက်။ ဆံပင်တွေက မျက်နှာထိဖုံးယှမ်းနေ၍ သဲကွဲစွာမမြင်ရ။ ထိုမိန်းမက သူ့ဆီ ဓားကြီး မြှောက်၍ လှမ်းလာသလို။

"အား ကယ် ကယ်ကြပါဦး ကယ်ကြပါဦးဗျို့"

သူ ကြောက်လန့်တကြား အော်ဟစ်မိသည်။

"အား လုပ်ကြပါဦး လုပ်ကြပါဦး"

အမျိုးသမီးက တဖြည်းဖြည်းနီးလာပြီ။

"အား"

သူ သံကုန်ခြစ်အော်လိုက်သည်။ ထိုမိန်းမက ဓားကိုမြှောက် လိုက်သည်။

ပြေးလာသောခြေသံများ ကြားရသည်။

"ဒုန်း"

တံခါးဖွင့်သံ။ သူ လန့်ပြီး ပြန်ကြည့်မိသည်။

"သား သား ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

အိမ်ဖော်ဖြစ်သူ ပြေးလာသည်။ သူ ကြောက်လန့်တကြား နှင့်

"လူ လူ အဒေါ် လူ လူ"

ထိုအမျိုးသမီးမှ သူ့ကို ကလေးငယ်သဖွယ် ပွေ့ဖက်ပြီး

"ဘယ်မှာလဲ ဘယ်မှာလဲ"

"ဟို ဟို ဟင်"

ခုနက မိန်းမတစ်ယောက် ရပ်နေရာတွင် မည်သူမှရှိမနေ။ သူ အံ့အားသင့်သွားရသည်။ နောက် သတိရပြီး အိပ်ရာမှ ခုန်ထလိုက် သည်။ နောက် အခန်းတစ်ခုဆီသို့။

"သား သား ဘယ်သွားမလို့လဲ"





သူ ပြန်မဖြေတော့။ အခန်းတစ်ခုရှေ့ရပ်ကာ သူ တံခါးကို ခပ်ကြမ်းကြမ်းထုလိုက်သည်။

"ဒုန်း ဒုန်း ဒုန်း"

"ဟေ့ ဟိုမိန်းမထွက်စမ်း၊ နင် ဒီမှာရှိရဲ့လား ထွက်ခဲ့စမ်း"

"ဒုန်း ဒုန်း ဒုန်း"

"ဟေ့ ဟို မိန်းမ"

ကျွီခနဲ တံခါးပွင့်လာသည်။ အခန်းထဲမှ အိပ်မှုန်စုံမွှားနှင့် မေပျို။

"ဟင်"

"ဘာဖြစ်တာလဲဟင်"

မေပျိုကို သူ့အခန်းထဲ၌ပင် တွေ့နေရ၍ သူ အံ့အားသင့် သွားသည်။ သူ့အခန်းဆီသို့ ပြန်ငေးကြည့်မိသည်။

"ခုန သူ့အခန်းထဲက မိန်းမက ဘယ်သူလဲ"

သူ မဝေခွဲနိုင်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကုန်နေသောခွက်ထဲ ယမကာတချို့ လောင်းထည့်နေပြန်သည်။

"ညတိုင်း ညတိုင်း ဓားတစ်ချောင်းနဲ့ ကျူပ်အခန်းထဲရောက်ရောက်နေတယ်၊ နှလုံးရောဂါရနေတဲ့လူဗျာ၊ စဉ်းစားကြည့်"

ယခုထိ ချောက်ချားမပြေသလိုဟန်မျိုးနှင့် အရက်ခွက်ကို ခပ်ကြမ်းကြမ်း မော့သောက်လိုက်ပြန်သည်။ ဦးထွန်းအောင်က သူ့ကို ကြည့်ပြီး

"ဒါနဲ့နေပါဦး၊ ခင်ဗျားက ဖမ်းမမိဘူးလား"

ကျော်ဇင် ခေါင်းယမ်းကာ





"မမိဘူး"

"မမိဘဲနဲ့ သူလုပ်တာလို့ ဘယ်သူပြောလဲ"

ကျော်ဇင် နောက်တစ်ခွက် မော့သောက်လိုက်ပြန်သည်။ ပြီးမှ

"အဲဒီအိမ်မှာ လျှို့ဝှက်တံခါးတွေ ရှိတယ်"

ဦးထွန်းအောင် မျက်မှောင်ကြုတ်ပြီး

"ခင်ဗျားက ရှာတွေ့လို့လား"

ကျော်ဇင် ခေါင်းယမ်းပြန်သည်။

"မတွေ့ဘူး"

ဦးထွန်းအောင် စိတ်တိုလာသည်။ ထို့ကြောင့် အသံခပ်ဆတ်ဆတ်နှင့်

"မတွေ့ဘဲနဲ့ ဘာလို့ ခင်ဗျားက ဒီလို စွပ်စွဲနေတာလဲ"

ကျော်ဇင် ဦးထွန်းအောင်ကို စိုက်ကြည့်သည်။

"အဖြေက ရှင်းပါတယ်"

"ဘာလဲ"

"အဲဒီအိမ်က ပြောင်းပြီးကတည်းက အဲဒါမျိုး ထပ်မမြင်ရတော့ဘူး"

ဦးထွန်းအောင် ဇဝေဇဝါဖြစ်သွားရသည်။ ဖြစ်နိုင်ခြေများကို သူ မခွဲခြားနိုင်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ်မိုးငွေ့များ ရစ်သိုင်းနေပေပြီ။ ဝန်းကျင်အနှံ့ မိုးငွေ့မိုးနံ့များနှင့် ပြည့်နှက်၍ ရံဖန်ရံခါ၌ မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံများ ကြားရသည်။

ဦးထွန်းအောင် မှန်ပြောင်းနှင့် ချောင်းနေမိသည်။

ကျော်ဇင်တစ်ယောက် သူ့အိမ်ထဲတွင် သောင်းကျန်းနေသည်။ ထုံးစံအတိုင်း မေပျိုက သူလုပ်သမျှကို လိုက်လံရှင်းလင်းနေရသည်။

ဦးထွန်းအောင် သက်ပြင်းချမိသည်။ ဤမျှလောက် ဆိုးသွမ်းသူမျိုးကို မျက်ဝါးထင်ထင် မြင်နေရ၍ စိတ်ပျက်မိသည်။

အချိန်တွေကြာလာသည်နှင့်အမျှ ကျော်ဇင်၏အခြေအနေ





မှာ ပိုဆိုးလာသည်။ အရက်ဖြတ်ဆေး၏ဒဏ်၊ မဆင်မခြင် သောက်သုံးနေမှုများကြောင့် သူ့ကိုကြည့်ရသည်မှာ အခြေအနေမကောင်းတော့။

သူကြည့်နေစဉ်အတွင်းမှာပင် မေပျို အပြင်ထွက်သွားသည်ကို တွေ့ရသည်။ အိမ်ထဲတွင် ကျော်ဇင်တစ်ယောက်တည်း အော်ကြီးဟစ်ကျယ်နှင့် ကျန်ရစ်ခဲ့သည်။ သိပ်မကြာပါ။

"ကလင် ကလင် ကလင်"

ဖုန်းမြည်သံ။ မှန်ပြောင်းနှင့်ပြန်ကြည့်လိုက်တော့ ကျော်ဇင် ဖုန်းခေါ်နေသည်ကို တွေ့ရသည်။ စိတ်ပျက်လက်ပျက်နှင့်ပင် ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"

"ဟယ်လို ဦးထွန်းအောင်၊ အိမ်ထဲမှာပဲ မှန်ပြောင်းတစ်လက်နဲ့ အချိန်ကုန်မနေနဲ့လေ ဟဲဟဲ"

သူ့အသံက ငါသိပါတယ် ဆိုသည့်အသံမျိုး။ ထိုအသံမျိုးကို ဦးထွန်းအောင် စိတ်အပျက်ဆုံး။

"အေးဗျာ၊ အိမ်မှာ ကျုပ်လည်း တစ်ယောက်တည်းဆိုတော့ ပျင်းနေတာ၊ အဲဒါ ဦးထွန်းအောင် အိမ်ကို အလည်လာပါလား၊ ပုလင်းအသစ်တစ်လုံးလည်း ရှိနေတယ်"

ဦးထွန်းအောင် စိတ်ဝင်စားသွားသည်။ တစ်ခါမှ သူတို့အိမ်ကို မရောက်ခဲ့ဘူးတာ။ ထို့ကြောင့်

"ကောင်းပြီလေ၊ ကျုပ် အခုပဲ လာခဲ့ပါ့မယ်"

ဖုန်းချပြီး မှန်ပြောင်းနှင့်ပြန်ချောင်းမိသည်။ ကျော်ဇင်က သိနေသူတစ်ယောက်အလား ဖန်ခွက်ကိုမြှောက်ပြသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မိုးက ခပ်အေးအေးသာ ရွာနေသည်။ အိမ်၏ဧည့်ခန်းမှာလည်း အေးစက်နေ့သယောင်။

ဦးထွန်းအောင် အိမ်တစ်ခုလုံး ဝေ့ကြည့်နေမိသည်။ အားလုံး သပ်သပ်ရပ်ရပ်နှင့် စနစ်တကျပင်။ အိမ်ရှင်မကောင်းတစ်ယောက်ရှိကြောင်း သိသာလွန်းလှသော အိမ်ကလေးပင်။

"ဘယ့်နှယ်လဲ ဦးထွန်းအောင်ရဲ့၊ အိမ်ကိုကြည့်ပြီး ဘာမှမထူးခြားပါဘူးလို့ ထင်နေတယ်မဟုတ်လား"

ဦးထွန်းအောင် ဘာမှပြန်မပြောမိ။ ကျော်ဇင်မှပင်ဆက်၍

"ဒါပေမယ့် ဟိုမီးခလုတ်ကိုတော့ သွားမကိုင်မိစေနဲ့ဗျ"





မီးခလုတ်တစ်ခုကို ညွှန်ပြသည်။

"အဲဒီခလုတ်က ခေတ်လိုက်နေတာ၊ ဘို့အား သုံးထောင်လောက်ဆိုတော့ ဘာဖြစ်သွားမလဲ စဉ်းစားကြည့်"

ဦးထွန်းအောင် သူ ညွှန်ပြရာ လိုက်ကြည့်မိသည်။

"နောက်ပြီး ဟိုကြမ်းပြင်လည်း မနင်းမိစေနဲ့ဗျို့၊ ကျိုးကျသွားလိမ့်မယ်၊ လှေကားထိပ်မှာလည်း သတိထားသင့်တယ်နော် ဟဲဟဲ"

တစ်မျိုးပြီးတစ်မျိုး ညွှန်ပြပြီးပြောနေ၍ ဦးထွန်းအောင် အာရုံနောက်လာ၏။ ထို့ကြောင့်

"ဒါနဲ့ နေစမ်းပါဦး၊ အဲဒါတွေက ဘယ်သူလုပ်ထားတာလဲ"

ကျော်ဇင် ခပ်ဟဟရယ်သည်။ ပြီးမှ

"ဟဲဟဲ ကျုပ်လုပ်ထားတာပေါ့ဗျ။ ဟဲဟဲ"

ဦးထွန်းအောင် အတော်ကလေးကို စိတ်အချဉ်ပေါက်သွားသည်။ စိတ်ထဲတွင်လည်း အတော်ယုတ်မာတဲ့သူ ဟူ၍ ကောက်ချက်ချမိသည်။ နောက်မှ စိတ်ကိုထိန်းချုပ်ပြီး

"ဒါနဲ့ ခင်ဗျားပြောသလိုဆို မေပျိုလုပ်ထားတာတွေက"

ကျော်ဇင် အိမ်ကိုဝေ့ကြည့်ပြီး

"မသိနိုင်ဘူးလေဗျာ၊ ဘယ်နေရာ သူ ဘာတွေလုပ်ထားတယ်ဆိုတာ ကျုပ်က ဘယ်သိနိုင်ပါ့မလဲ"

ဦးထွန်းအောင် ပိုလို့ပင် ဒေါသထွက်သွားရသည်။ သို့သော် သူ့အိမ်မှာမို့ ဒေါသကိုမြိုသိပ်ကာ

"ဆိုပါဦးဗျ၊ မေပျိုမှာက အဲဒီလိုအမူအကျင့်မျိုး ရှိတာသေချာလား"

"သေချာလား ဟုတ်လား"

ကျော်ဇင် ဖန်ခွက်ကို ဆောင့်ချလိုက်သည်။ ပြီးမှ ဒယီးဒယိုင်နှင့် လမ်းထလျှောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ချောင်းသာမှာ သူ ကညာ့ကို ရေထဲဆွဲချခဲ့တာကို ကြည့်ရင် သိနိုင်တယ်လေ၊ ကညာက သူ့ကို ဘာကြောင့် ဒီလောက်ကြောက်လဲဆိုတာကိုလည်း စဉ်းစားကြည့်"

"ကောင်းပါပြီ၊ အဲဒီတုန်းက သူလုပ်ခဲ့တယ်ဆိုတာ ခင်ဗျားတို့မြင်ခဲ့လို့လား"

"မမြင်ခဲ့ဘူး"

"ဒါဆို သူလုပ်တာလို့ ဘာကြောင့် ခင်ဗျားတို့က စွပ်စွဲတာလဲ"

"သူလုပ်တာ မဟုတ်ဘူး"

"ဒါဆို"

"သူ့ကားဆရာကို သူလုပ်ခိုင်းခဲ့တာ"

"ဘယ်လို"

× × ×





ကျော်ဇင် မေပျို့ကို ကမ်းခြေပေါ်တွန်းချပြီးနောက် မေပျို အဆောင်ကို ထွက်သွားသည်အထိ ကမ်းခြေ၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ သူ့လုပ်ရပ်များ မှားလားမှန်လား သူမသိ။

"ကညာပြောတာရော ဖြစ်နိုင်ပါ့မလား"

သူ တွေးနေမိသည်။ နောက်မှ သူ စဉ်းစားမိပြီး

"မေပျို ကမ်းပေါ်ပြန်တက်လာတာ ရေငုပ်ဝတ်စုံ မပါလာဘူး၊ ဒါဆို ရေငုပ်ဝတ်စုံ ဘယ်မှာလဲ"

ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။ သူ စွပ်စွဲတာ မှားသွားပြီလားဟူသော သံသယစိတ်တွေပင် ဝင်လာမိသည်။ နောက်မှ သတိ



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသော
မြင်ကွင်းကြောင့်
သူ အံ့အားသင့်
သွားသည်။
ရေငုပ်ဝတ်စုံကို
ဖြုတ်ပြီး လွယ်ရန်
ပြင်ဆင်နေသော
မေပျို၏
ကားဆရာကြီး။



ရပြီး ရေငုပ်ဝတ်စုံနှင့် သူဆင်းသွားသောနေရာကို ပြေးသွားမိသည်။

"ဟင်"

မြင်ရသောမြင်ကွင်းကြောင့် သူ အံ့အားသင့်သွားသည်။ ရေငုပ်ဝတ်စုံကို ဖြုတ်ပြီး လွယ်ရန်ပြင်ဆင်နေသော မေပျို၏ကားဆရာကြီး။

သူ့ကိုမြင်တော့ မျက်နှာပျက်သွား၏။

"ဟင် ခင်ဗျား ခင်ဗျား"

လူကြီးက ဘာမှမသိသလို ပုံစံမျိုးနှင့် သူ့ပစ္စည်းများကိုသူ လွယ်နေလိုက်သည်။

"ခုနက ကညာကို ရေထဲဆွဲချတာ ခင်ဗျား ခင်ဗျားပေါ့ ဟုတ်လား"

လူကြီးက ဘေးဘီဝေ့ကြည့်သည်။ ပြီးနောက် ခပ်တည်တည်ပင် ပစ္စည်းများကိုမ,ပြီး ခြေလှမ်းစသည်။ ကျော်ဇင် ဒေါသထွက်သွားပြီး ထိုလူကြီးကို လှမ်းဆွဲလိုက်သည်။

"ဟေ့လူ နေစမ်း"





လူကြီး ခြေလှမ်းရပ်တန့်သွားသည်။ နောက် ကျော်ဇင်ကို စိုက်ကြည့်ပြီး

"ကောင်လေး"

နှစ်ယောက်သား မျက်လုံးချင်း ဆုံနေမိသည်။

"မမလေး မကြည့်နေဘူးလို့ မပြောနိုင်ဘူးနော်"

ထိုလူကြီးစကားကြောင့် ကျော်ဇင် လန့်ပြီး ဘေးဘီဝေ့ကြည့်မိသည်။

"ဒုက္ခရောက်လိမ့်မယ်၊ သတိထား"

ကျော်ဇင် အလိုလိုနေရင်း ဆွဲထားသောလက်ကို လွှတ်လိုက်မိသည်။ ဘာစကားမှမပြောနိုင်။ ဟိုလူကြီး၏ ခြေသံကိုသာ ကြားနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်က ဖန်ခွက်ထဲ တစ်ခုခုကျသွားသလို ဟန်မျိုးနှင့် အသေအချာ လှည့်ပတ်ကြည့်နေသည်။ ဦးထွန်းအောင်က ရေတစ်ခွက်ကို လှမ်းယူပြီး

"ခင်ဗျားက ဒါလည်း စွပ်စွဲနေတာပဲဗျ၊ တကယ်အသေအချာ သိခဲ့တာလည်း မဟုတ်ဘဲနဲ့"

ကျော်ဇင် ခေါင်းတညိတ်ညိတ် လုပ်သည်။ ပြီးမှ

"ဒီလိုမိန်းမမျိုးနဲ့ပေါင်းရင် ဒီလောက်သိရတာကိုက အသေချာဆုံးပဲ ဦးထွန်းအောင်၊ ကိုယ့်မျက်စိနဲ့ တိုက်ရိုက်မြင်ရမှသာ အမှန်တရားဆိုရင် ခင်ဗျား အမှန်တရားကို ဘယ်တော့မှ မြင်ဖူးလိုက်မှာ မဟုတ်ဘူး၊ ဒီလိုမိန်းမတွေဆိုတာ"

ကျွီခနဲ တံခါးဖွင့်သံ ကြားရသည်။

"မေပျို"

အပြင်ကပြန်လာသော မေပျိုကို ရုတ်တရက် မြင်လိုက်ရ၍





ဦးထွန်းအောင် ရှိုးတိုးရှန့်တန့် ဖြစ်သွားသည်။ သူ့အကြောင်းပြောလက်စကြီး မဟုတ်ပါလား။

မေပျိုကတော့ ဘာမှမသိသလို ဟန်မျိုးနှင့်

"ဪ ဦးထွန်းအောင် ရောက်နေတာပဲ"

"ဟုတ် ဟုတ်ကဲ့ မေပျို"

"ထိုင်ပါဦးရှင်၊ မှောင်နေတာပါပဲလား"

ယဉ်ယဉ်ကျေးကျေးဆိုရင်း ခုနက ခလုတ်လိုက်သည်ဟု ပြောထားသော မီးခလုတ်ကို လှမ်းကိုင်ရန်ပြင်သည်။ ဦးထွန်းအောင် လန့်သွားပြီး ထိုင်ရာမှထကာ

"မဖွင့်နဲ့ မဖွင့်နဲ့ မေပျို"

မေပျို၏လက်မှာ လေထဲ ရပ်တန့်သွားသည်။ ကျော်ဇင်က မပြောစေချင်သော သဘောနှင့် ဦးထွန်းအောင်ကို လှမ်းဆွဲသည်။ သို့သော် ဦးထွန်းအောင်က စိုးရိမ်ပြီး

"မဖွင့်နဲ့မေပျို၊ အဲဒီခလုတ်က ခလုတ်လိုက်နေတယ်"

မေပျို မျက်မှောင်ကြုတ်သွားသည်။ စဉ်းစားနေပုံပေါ်သည်။ နောက်မှ ပြုံးပြီး

"ဘာမှမဖြစ်ပါဘူး၊ ကျွန်မ ဖွင့်နေကျပါပဲ"

ဆိုကာ ခလုတ်ကို နှိပ်ချလိုက်သည်။

"ထောက်"

"ခွမ်း"

"ဟာ"

မီးခလုတ်က ဘာမှမဖြစ်။ သူတို့ခေါင်းပေါ်မှ မီးလုံးသာ ခွမ်းခနဲ ကွဲထွက်သွားသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ခွမ်း"

"ဟာ"

ခေါင်းပေါ်မှ မီးလုံးကြီးကွဲကျလာ၍ ကျော်ဇင်ရောဦးထွန်းအောင်ပါ လန့်ပြီးထခုန်မိသည်။

ဘယ်လိုကြောင့် ထိုမီးသီးထကွဲသည်မသိ။ နောက်မှ ကျော်ဇင်က သတိဝင်လာပြီး

"ဟင် မင်း မင်း ဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ"

ဆိုကာ ရှေ့မှအရက်ခွက်နှင့် မေပျိုကို ခွမ်းခနဲ လှမ်းပစ်လိုက်





သည်။ ဖန်ခွက်က မေပျိုနောက်က နံရံကိုထိပြီး ကျကွဲသွားသည်။ ကျော်ဇင် ပို၍ ဒေါသထွက်သွားပြီး ပုလင်းကို လှမ်းကိုင်သည်။

"မလုပ် မလုပ်နဲ့"

ဦးထွန်းအောင် အတင်းပြေးဆွဲသည်။ နှစ်ယောက်သား လုံးထွေး၍ ပြုတ်ကျမတတ် ဖြစ်သွားရသည်။

"ဖယ်စမ်းပါဗျာ၊ ဒီမိန်းမ လူပါးဝတာ ဖယ်စမ်း"

"မလုပ်နဲ့ မလုပ်နဲ့"

သူတို့ဘာသာသူတို့ ရုန်းရင်းဆန်ခတ် ဖြစ်နေတာ။ မေပျိုကတော့ ခပ်တည်တည်ပင် ဖန်ကွဲစများကို ရှောင်ကွင်းပြီး သူ့အခန်းထဲသို့သာ လှမ်းဝင်သွားသည်။

"ခင်ဗျား ဘာလို့ဆွဲနေတာလဲဗျ၊ ဟိုမှာ ဟိုကောင်မ လွတ်သွားပြီ"

"ဟာ ခင်ဗျားကလဲဗျာ"

ကျော်ဇင်က ကြိတ်မနိုင်ခဲမရ ဖြစ်နေတုန်း။ ဦးထွန်းအောင်ကသာ မနေနိုင် မထိုင်နိုင်နှင့်

"ဒါဟာ မတော်တဆ ဖြစ်သွားတာပဲ ကိုကျော်ဇင်၊ ခင်ဗျား ဒေါသထွက်စရာမလိုဘူး ထင်တယ်"

ကျော်ဇင်က ဦးထွန်းအောင်ကို စိုက်ကြည့်ပြီး

"ဘာဗျ၊ ဘာမတော်တဆမှုလဲဗျ၊ ဒါ တမင်လုပ်တာ"

ဦးထွန်းအောင် မျက်မှောင်ကြုတ်ရင်း

"ဘာလို့ ပြောရတာလဲဗျ"

"ခင်ဗျားစဉ်းစားကြည့်လေ၊ မနက်ပိုင်းကပဲ အဲဒီမီးခလုတ်ကို ကျုပ်ပြုပြင်ထားတာ၊ အခု မီးခလုတ်က ဘာမှမဖြစ်ဘဲ မီးလုံးက ဖြစ်တာဆိုတော့ စဉ်းစားကြည့်၊ သူ တမင်လုပ်တာမဟုတ်ရင် ဘယ်သူလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းအောင် ခေါင်းကုတ်မိသွားသည်။ သူတို့နှစ်ယောက်မှာ ဘယ်သူကအမှန် ဘယ်သူကအမှားမှန်း မသိ။ အတော်ကလေးကို စိတ်ညစ်စရာကောင်းမှန်းကိုတော့ သိသည်။

စိတ်ထဲတွင်လည်း

"တော်ပြီကွာ၊ နောက်ဆို ဒီလိုအိမ်မျိုး ဘယ်တော့မှ မလာတော့ဘူး"ဟုသာ။

× × ×





"မေပျို"

အမှတ်မထင်ဘဲ လမ်းအဝင်ဝမှာပင် မေပျိုနှင့်ဦးထွန်းအောင်တို့ ဆုံမိကြသည်။

"ဩော် ဦးထွန်းအောင်၊ ဘယ်က ပြန်လာတာလဲ"

"အမေ့ဆီ ခဏသွားတာပါ မေပျို၊ မေပျိုရော"

"အိမ်မှာ လိုတာလေးတွေ သွားဝယ်တာပါ"

"ဩော်"

အမှတ်မထင်ဆုံသည်မို့ ရုတ်တရက် ဘာပြောရမှန်းမသိ။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



"မေပျိုတို့ မိဘတွေကရော"

သူမငေ့ကြည့်ပြီး

"အင်း နိုင်ငံခြားမှာနေကြတာ များပါတယ်၊ တချို့လည်း ရှိသေးရဲ့"

"မေပျိုကရော နိုင်ငံခြား လိုက်မသွားဘူးလား"

သူမ ခေါင်းယမ်းရင်း

"မသွားဖြစ်သေးပါဘူး၊ ဒီက ကိစ္စလေးတွေ မပြတ်သေးလို့"

ဦးထွန်းအောင် ငေ့ကြည့်မိသည်။ ဘာကိစ္စမှန်းလည်း မသိ။ ကျော်ဇင်ပြောသလို တစ်ယောက်ကိုတစ်ယောက် လက်စဖျောက်ရန်လားဟု စဉ်းစားမိသေးသည်။ အတန်ကြာမှ

"ဒါနဲ့ မေပျို တစ်ခုမေးလို့ ရမလား"

သူမရယ်ပါသည်။

"ရပါတယ်၊ မေးလို့ရပါတယ်"

ဦးထွန်းအောင် ခေါင်းကုတ်ရင်း

"မေပျိုမှာ ကညာဆိုတဲ့ ညီမရှိတယ်ဆို"

"အစ်မပါ"

"ဩော်"

ဦးထွန်းအောင်က ထိုမေးခွန်းကို သူမ မကြိုက်ဖြစ်လိမ့်မည်ဟု ထင်ထားသည်။ သို့သော် သူထင်သလိုမဟုတ်ဘဲဖြစ်နေ၍ ကြောင်နေမိတော့သည်။ နောက်တော့မှ


"အဲဒီကညာတို့ကရော"

"မတွေ့ဖြစ်တာတော့ ကြာပြီ၊ အိမ်ထောင်တွေကွဲသွားတော့လေ"

သူ့အဖြေအတိုင်းဆို ဘာမှသေချာတာ မရှိ။ ဒါကို သူမကပင် ရယ်၍







"ရယ်ရတယ် သိလား၊ အမှန်တော့ ကိုကျော်ဇင်က ကညာ့ကို ကြိုက်တာ၊ ဒါပေမယ့် မေပျိုနဲ့ လာညားတာလေ၊ ဟင်းဟင်း"

"ရယ်ရတယ် သိလား၊ အမှန်တော့ ကိုကျော်ဇင်က ကညာ့ကို ကြိုက်တာ၊ ဒါပေမယ့် မေပျိုနဲ့ လာညားတာလေ၊ ဟင်းဟင်း"

သူမပုံက ဘာမှမထူးခြားသလို။ ဦးထွန်းအောင် အားမလိုအားမရ ဖြစ်နေမိသည်။ ထို့ကြောင့်

"ဒါနဲ့မေပျို၊ မေပျိုနဲ့ကျော်ဇင်က မချစ်မနှစ်သက်ဘဲ ယူခဲ့တာဆို"

မေပျို ခေါင်းလေးလှည့်လာပြီး

"ဟုတ်လား သူက အဲဒီလိုပဲ ပြောလား"

ဦးထွန်းအောင် ခေါင်းသာညိတ်ပြလိုက်သည်။ သူမက လွတ်လပ်စွာရယ်နေပါသည်။ ပြီးမှ

"မိဘတွေ အတင်းပေးစားလို့ ယူခဲ့ကြတာမှ မဟုတ်ဘဲ ဦးထွန်းအောင်ရယ်၊ ကိုယ့်သဘောနဲ့ကိုယ် လက်ထပ်ခဲ့ကြတာပဲ၊ အဲဒီမေးခွန်းကို ဘယ်လိုဖြေရမှန်း မသိပါဘူး၊ ဟင်းဟင်း"

ဦးထွန်းအောင် ဇဝေဇဝါ ဖြစ်သွားရသည်။ မေပျိုနှင့်ကျော်ဇင် ပြောနေသော အဖြေချင်းက တူညီသယောင်ရှိသော်လည်း အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းက တခြားစီ။

တစ်ယောက်က အကောင်းမြင်၊ တစ်ယောက်က အဆိုးမြင်။ မထူးတော့သည့်အဆုံး ဦးထွန်းအောင် မျက်နှာပူသော်ငြား ပွင့်ပွင့် လင်းလင်းပင် ဖွင့်မေးလိုက်ရသည်။

"ဒါနဲ့ မေပျိုနဲ့ကျော်ဇင်က လင်မယားလို မပေါင်းသင်းဘူး နော်"

သူမ ဘာမှပြန်မပြော။ ဦးထွန်းအောင်ကသာ ဆက်၍

"နောက်ပြီး ဒီအိမ်ပြောင်းလာတာကလည်း တစ်ယောက်ကို တစ်ယောက် သတ်ဖို့ဆို"

သူမခြေလှမ်းတို့ တုန့်ခနဲဖြစ်သွားသည်ဟု ထင်မိသည်။ သို့ သော် ခြေလှမ်းတွေက ရပ်မသွား။ ထိုမေးခွန်းကို သူမ ကြိုက်နှစ် သက်ပုံမပေါ်။ မည်သူကမှလည်း ကြိုက်နှစ်သက်လိမ့်မည်မဟုတ်။ မေးလိုက်သောဦးထွန်းအောင်ပင် သူ့စကားမှားသွားမှန်းသိပြီး

"ဆောရီး တောင်းပန်ပါတယ်၊ ကျွန်တော် စကားမှားသွား လို့ပါ"

သူ့စကားကို မေပျိုကပြုံးပြီး

"ရပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ ကိုကျော်ဇင်ရဲ့စကားတွေကို ယုံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဗျာ"

"ဩော် ကိုကျော်ဇင်က အရက်မူးလာရင် ထင်ရာမြင်ရာ ပြောတတ်တယ်လေ၊ အဲဒီစကားတွေကို ယုံတဲ့အတွက် အတိုင်းထက် အလွန် ကျေးဇူးပါပဲလို့"

သူမ၏ဆိုလိုရင်းကို သဘောမပေါက်။ အတည်ပြောတာလား၊ ရွဲ့ပြောတာလားကိုမသိ။

"အိမ်လည်း ရောက်နေပြီမို့ ခွင့်ပြုပါဦးရှင်"





"ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့ ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ဖြည်းဖြည်းသွားပါရှင်"

တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ပြီး လမ်းခွဲလိုက်ကြ သည်။ ဦးထွန်းအောင်၏ ရင်ထဲမကောင်း။ သူ မမေးသင့်သည်များကို မေးမိခဲ့မှန်း သိသည်။ သူ၏မေးခွန်းမျိုးကို ဘယ်သူမှ မကြိုက်မှန်း လည်းသိပါသည်။ သို့သော် ရံဖန်ရံခါ၌ လူ၏စိတ်သည် ထိန်းချုပ်နိုင်မှု ကင်းမဲ့တတ်သည် မဟုတ်လား။

ထို့ကြောင့်. .

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင် သွေးအန်၍ ဆေးရုံတင်ရသည်ဟု သိရသည်။ သို့သော် ခဏသာ။ ဆေးရုံမှ ပြန်ဆင်းပြီး ဒုံရင်းဒုံရင်း ပြန်လုပ်နေသည်။

နေ့စဉ်နှင့်အမျှ သူတို့အိမ်မှာ ဆူညံသံများ ကြားနေရပြီး ကျော်ဇင်မှာ ယခင်ကထက် အခြေအနေ ပိုဆိုးလာသည်ဟု ထင်မိ၏။ အရက်ပုလင်းကို မလွတ်တမ်းကိုင်ထားပြီး မေပျို့ကို တစ်ချိန်လုံး ရန်ရှာနေသည်။ သူ့ပုံက လမ်းလျှောက်ဖို့ပင် အနိုင်နိုင်ပုံမျိုး။ မည်သို့သော ခံနိုင်ရည်မျိုးများနှင့် နေနေကြသည်ကို မစဉ်းစားနိုင်တော့။ သို့သော် လူတို့တွင် ခံနိုင်ရည်တို့ကို ဖြစ်ထွန်းစေသော တွန်းအားများ





လည်း ရှိနိုင်သည် မဟုတ်ပါလား။

ထိုကဲ့သို့သော အကြောင်းအရာမျိုးကို သူ တစ်နေ့တွင် ကြုံတွေ့ခဲ့ရပါသည်။ ထိုနေ့ကား . .

ကျော်ဇင် နေအိမ်မှ သုံးရက်ခန့်ပျောက်သွားပြီး ပြန်ပေါ်လာသောနေ့ပင် ဖြစ်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မိုးကား သဲကြီးမဲကြီး ရွာနေပါသည်။ ညနေခင်းကတည်းက မှုံ့ယစ်ရီဝေနေသော ကျော်ဇင်၏မျက်နှာမှာ မို့အစ်ယောင်ကိုင်းနေပေပြီ။ ပို၍ထူးခြားသည်က သူ၏မျက်လုံးများ နီရဲ၍ ပေါက်ထွက်မတတ်ဖြစ်နေသည်။ သို့သော် သူ အရက်ကို မရပ်မနား သောက်မြဲသောက်နေဆဲ။

"ကိုကျော်ဇင် ခင်ဗျား တော်လောက်ပြီထင်တယ်"

"ဘာဗျ"

ကျော်ဇင် ခေါင်းထောင်လာသည်။ ဦးထွန်းအောင် သူ့ကိုကြည့်၍





"ဟုတ်တယ်ဗျ၊ ခင်ဗျားပုံက အခြေအနေမကောင်းဘူး၊ အရက်ကို ရပ်လိုက်မှပဲ ဖြစ်တော့မယ်"

ဟာက်ခနဲ ရယ်သံကြားရသည်။ နောက် မသောက်သင့်တော့သောအရက်များကို ထပ်မံသောက်ချလိုက်ပြီး၊

"ရပ်ရမယ် ဟုတ်လား"

ကျော်ဇင် ဦးထွန်းအောင်ကို ကြည့်သည်။ မြင်လားမမြင်လားတော့ မသိ။ သူ့မျက်လုံးတွေက သေနေသည်။

"ရပ်မယ်၊ ရပ်မယ်၊ ဟောဒီညပြီးရင် ကျုပ် အပြီးရပ်တော့မယ်"

"ဘာ"

သူ၏အော်သံကျယ်ကျယ်ကြောင့် ဦးထွန်းအောင် အံ့အားသင့်သွားသည်။

ကျော်ဇင်က သူ၏ခေါင်းကို သူပြန်အုပ်ကိုင်ထားသည်။ ကြည့်ရတာ ခေါင်းလည်း အပြင်းအထန် ကိုက်ခဲနေပုံမျိုး။

"အား ကျွတ်ကျွတ် ဟုတ်တယ်၊ ကျုပ် ဒီညပြီးရင် အားလုံးကို ရပ်ပစ်တော့မယ်"

ဝုန်းခနဲ မိုးတွေ ပိုသည်းသွားပုံမျိုး။ အရက်တစ်ခွက်ကို ခပ်ကြမ်းကြမ်းထည့်၍ ချက်ချင်းမြို့ချလိုက်သည်။

"အား"

သူ့ကိုကြည့်၍ ဦးထွန်းအောင် အံ့အားသင့်နေမိသည်။ သူ့အခြေအနေက သာမန်ထက် ပို၍ထူးခြားနေသယောင်။

"ဟုတ်တယ်၊ ကျုပ် မစောင့်နိုင်တော့ဘူး၊ ကျုပ် ဒီညမှာပဲ ဒီကောင်မကို အပြတ်ရှင်းလိုက်တော့မယ်"

သူ့စကားကြောင့် ဦးထွန်းအောင် လန့်သွားသည်။ သူ့ပုံက တကယ်လုပ်မည့်ပုံ။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



"မေပျိုကို
ယဉ်ယဉ်ကျေးကျေး
လက်စဖျောက်ပြီး
ကျုပ်တို့
ပျော်ရွှင်စွာ
ပေါင်းဖက်ဖို့"



"ဖြစ်မလားဗျ၊ ခင်ဗျား အဲဒီလိုလုပ်ရင် ခင်ဗျားအနေနဲ့ ဘယ်လိုလွတ်နိုင်မှာလဲ"

"ဟားဟားဟား"

သူ၏ရယ်သံက မိုးသံတို့ဖြင့် ရောနေသည်။ သူ အရက်ခွက်ကို ခပ်ကြမ်းကြမ်းမော့သောက်လိုက်ပြီး

"ကျုပ် ဒီရက်ပိုင်း ပျောက်နေတာ ဘာကြောင့်လဲ သိလား"

ဦးထွန်းအောင် ခေါင်းယမ်းလိုက်သည်။

"ဗီဇာလိုက်လုပ်နေတာဗျ၊ ဟောဒီမှာ လေယာဉ်လက်မှတ်လည်း ရပြီ ဟဲဟဲ"

မှန်ပေသည်။ နိုင်ငံကူးလေယာဉ်လက်မှတ်ပင်။

"ကျုပ် ဒီည သူ့ကို အပြတ်ရှင်းပြီး မနက်ဖြန် လေယာဉ်ပေါ် တက်သွားလိုက်မယ်လေ ဟဲဟဲ"

ဝုန်းခနဲ မိုးခြိမ်းသံ ကြားလိုက်ရသလို။

အလိုလိုနေရင်း ဦးထွန်းအောင် ချောက်ချားလာသည်။

"နေ နေစမ်းပါဦး၊ ခင်ဗျား ဘာ့ကြောင့် သူ့ကို ဒီလောက်





တောင် အညိုးအတေး ထားနေရတာလဲ"

ကျော်ဇင် မျက်နှာကို ရှုံ့မဲ့လိုက်ပြီး

"ဘာကြောင့်လဲ ဟုတ်လား။ ကျုပ်မိဘတွေလည်း သူ့ကြောင့် ဘဝပျက်နေရပြီဗျ"

"ဘယ်လို"

"ဟုတ်တယ်၊ ပြီးခဲ့တဲ့နှစ်လလောက်က အဖေ့ရဲ့ စီးပွားရေး အခြေအနေ မကောင်းလို့ သူ့ကိုမေးခဲ့တယ်"

"အဲဒီတော့"

"သူ မသိဘူးလို့ ပြန်ပြောလိုက်တယ်"

ဦးထွန်းအောင် စိတ်ပျက်သွားသည်။ တစ်ဖက်သား၏ ခံစားချက်ကို လုံးဝနားမလည်သော လူစားမျိုးပင်။

"ခင်ဗျား စဉ်းစားကြည့်လေ၊ ကျုပ်မှာ တစ်သက်လုံးအရှုံးပေးခဲ့ရတဲ့အပြင် ချစ်သူနဲ့လည်း ဝေးခဲ့ရတယ်၊ ကျုပ်ရဲ့ခံစားချက်ကို ခင်ဗျား နားလည်ပေးပါဗျာ"

ကျော်ဇင် ပြောနေရင်းနဲ့ မျက်ရည်များ စိမ့်ထွက်လာသည်။

"နေစမ်းပါဦး၊ ခင်ဗျားနဲ့ကညာက အဆက်အသွယ် ရှိနေတာလား"

ကျော်ဇင် မျက်ရည်များနှင့် ခပ်တိုးတိုးရယ်သည်။

"ကျုပ်တို့ မေပျိုကို ပထမအကြိမ်ရော၊ ဒုတိယအကြိမ်ပါ မနိုင်ခဲ့လို့ တတိယအကြိမ် ထပ်ပြီးကတိထားခဲ့ကြတယ်"

ဦးထွန်းအောင် ကျော်ဇင်ကိုသာ ငေးကြည့်နေမိသည်။ ကျော်ဇင်က အရက်ခွက်ကို ဆောင့်ချပြီး

"မေပျိုကို ယဉ်ယဉ်ကျေးကျေး လက်စဖျောက်ပြီး ကျုပ်တို့ ပျော်ရွှင်စွာ ပေါင်းဖက်ဖို့"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား အဲဒီ
မိန်းမရဲ့အကြောင်း
ဘာမှမသိဘဲ
ပြောလွန်းလို့
ပြောရတာပါ
ဦးထွန်းအောင်၊
တကယ်တော့
ကျွန်တော်တို့
ရက်စက်တယ်ဆိုတာ



ဦးထွန်းအောင် အလိုလိုနေရင်း မတ်တတ်ထရပ်မိသည်။ နောက် ကျော်ဇင်ကို တအံ့တသြ ပြန်ကြည့်မိသည်။ နောက်

"ခင်ဗျား ခင်ဗျား အတော်ယုတ်မာတဲ့လူပဲ ကျော်ဇင်"

ကျော်ဇင် သူ့ကို ပြန်စိုက်ကြည့်သည်။

"ဘာဖြစ်လို့လဲ ဦးထွန်းအောင်"

"ခင်ဗျား ဆန္ဒတစ်ခုတည်းအတွက် တစ်ဖက်သားကို ပေါင်းသင်းခဲ့တယ်၊ ပြီးတော့ ခင်ဗျားဆန္ဒတစ်ခုတည်းအတွက် မိန်းကလေးတစ်ယောက်ကို အမျိုးမျိုး နှိပ်စက်ခဲ့တယ်၊ အခုလည်း ခင်ဗျားဆန္ဒတစ်ခုတည်းအတွက် တစ်ဖက်သားကို ဒုက္ခရောက်အောင်လုပ်ပြီး ထွက်သွားဦးမယ် ဟုတ်လား ကျော်ဇင်"

ကျော်ဇင်က ခနဲ့တဲ့တဲ့ ပြုံးပြီး

"အဲဒါဘာဖြစ်လို့လဲ ဦးထွန်းအောင်"

"ခင်ဗျားမှာ အမှန်တရားဆိုတာ ရှိသေးလားကျော်ဇင်"

ကျော်ဇင့်မျက်နှာ ခက်ထန်မာကျောသွားသည်။ ပြီးနောက် အသံကျယ်ကျယ်ဖြင့်





"ချစ်ခြင်းမေတ္တာဟာ အမှန်တရားပဲ ဦးထွန်းအောင်၊ ခင်ဗျားမချစ်ဘူးရင်တော့ မသိဘူး"

"ဒါဆို အဲဒီအမှန်တရားဟာ လူယုတ်မာလက်ထဲက အမှန်တရားပဲ ကျော်ဇင်"

"ဘာ"

အခြေအနေက ရုတ်ခြည်းတင်းမာသွားသည်။ နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် စိုက်ကြည့်နေမိကြသည်။ အတန်ကြာမှ ကျော်ဇင်က

"ခင်ဗျား အဲဒီမိန်းမကို ကြိုက်နေတာလား ဦးထွန်းအောင်"

"ဘာ"

ဦးထွန်းအောင် မျက်နှာပျက်သွားသည်။ နောက် ဒေါသတကြီးဖြင့်

"ခင်ဗျား လွန်လွန်းသွားပြီကျော်ဇင်၊ ခင်ဗျား အတော်ကြီးကို လွန်လွန်းသွားပြီ၊ ခင်ဗျား သူများအိမ်ပေါ်တက်ပြီး အိမ်ရှင်ကို စော်ကားနေတာပဲ"

"ကျွန်တော်မေးတာသာ ဖြေစမ်းပါ ဦးထွန်းအောင်"

ကျော်ဇင် ပုလင်းထဲမှ အရည်များကို ဒီအတိုင်း မော့ချလိုက်သည်။ ဦးထွန်းအောင် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။

"ကျုပ်ဒေါသတွေ ခင်ဗျားဆီမရောက်ခင် ပြန်လိုက်တော့ ကျော်ဇင်"

ကျော်ဇင် ခနဲ့တဲ့တဲ့ ရယ်သည်။

"ခင်ဗျား အဲဒီမိန်းမရဲ့အကြောင်း ဘာမှမသိဘဲ ပြောလွန်းလို့ ပြောရတာပါ ဦးထွန်းအောင်၊ တကယ်တော့ ကျွန်တော်တို့ ရက်စက်တယ်ဆိုတာ သူ့ခြေဖျားကို မမီပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်လိုပုံပြင်တွေ ပြောဦးမှာလဲ ကျော်ဇင်"

"ပုံပြင်တစ်ခုမှ မပါဘူး ဦးထွန်းအောင်၊ ခင်ဗျားကိုပြောခဲ့ တာတွေ အမှန်တွေချည်းပဲ"

"ဟားဟား"

ဦးထွန်းအောင် မရယ်ချင်ဘဲ ဖျစ်ညှစ်ရယ်လိုက်သည်။

"မရယ်ပါနဲ့ ဦးထွန်းအောင်၊ ခင်ဗျားကို ကျွန်တော် တစ်ခု ပြောပြဦးမယ်၊ ခင်ဗျားမှတ်မိမှာပေါ့၊ ကျုပ်တို့ လက်မှတ်ထိုးပြီး ပြန် လာတဲ့အကြောင်းကို"

မိုးက ပို၍ သည်းထန်နေသည်။

× × ×





ချစ်ခြင်းနဲ့အတူ ပေါင်းစပ်မိရင်တောင် လူတွေအမြင်မှာ မုန်းစရာ ဖြစ်လာတတ်တယ်။

အမုန်းတရားနဲ့အတူသာ ပေါင်းမိရင် လက်စားချေခြင်းဖက်ကို လှည့်လာတတ် တယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ကုသိုလ်တွေ နှစ်ဆရပြီ ကညာ"
"အား"

ကညာ၏ အာခေါင်ခြစ်အော်သံ။ အားလုံး မလှုပ်နိုင်မရှား နိုင် ဖြစ်ကုန်ကြသည်။ သူတို့ထင်ထားသည်နှင့် လက်တွေ့က တခြား စီ။ အားလုံးကို လျှုဒါန်းထားသောလက်မှတ်များနှင့် မည်ကဲ့သို့ ဘဝ တစ်ခုကို စတင်နိုင်မည်နည်း။ မည်သူမှ ဘာမှမတတ်နိုင်တော့။

အတန်ကြာမှ မြတ်က ထပြီး

"သွား သွားစို့ ကညာ၊ ဒီမှာနေလို့လည်း ဘာမှထူးလာမှာ မဟုတ်ပါဘူး၊ သွားစို့နော်"





မြတ်က ကညာ့လက်ကို ဆွဲခေါ်သည်။ ကညာက ဒေါ်သတ ကြီးနှင့်မေပျို့ကို စိုက်ကြည့်ပြီး

"နင် တစ်နေ့ ဝဋ်လည်မယ် မေပျို"

မေပျို၏မျက်နှာမှာ ဘာမှခံစားရပုံမပေါ်။ ကညာနှင့်မြတ် အိမ်အပေါက်ဝနားရောက်မှ

"ကညာ"

မေပျို၏ခေါ်သံ။

"နင် ချောင်းသာမှာ ငါ့ပါးကို ရိုက်ခဲ့တယ်နော်"

ကညာ တုန်လှုပ်သွားသည်။ မြတ်၏မျက်နှာက အပျက်ပျက် အယွင်းယွင်း။

"ငါ နင့်ကို အသားနာအောင် မလုပ်ရသေးဘူးနော်"

နောက်ထပ် ဘာသံမှထွက်မလာ။

"သွား သွားစို့ကညာ"

မြတ်၏ခေါ်သံ။ ကျော်ဇင် နေခဲ့ရနိုး လိုက်သွားရနိုး ဖြစ်နေ သည်။ ကညာတို့က သူ့ကို မခေါ်၍ လိုက်သွားသင့်မသွားသင့် ဆုံး ဖြတ်ရခက်နေသည်။ နောက်တော့ ဒေါ်သတကြီးနှင့်ပြောဆိုရန် မေပျို ၏ နေအိမ်၌သာ နေခဲ့လိုက်သည်။

"ဒီမှာ မေပျို"

"ခဏလေး ကျော်ဇင်၊ နင်ပြောစရာရှိတဲ့ စကားတွေနဲ့ ခဏ လေးစောင့်ပါ"

ဘာအစီပွာယ်နှင့်ပြောမှန်းမသိ။ ဒီအတိုင်းသာ ရပ်နေမိ သည်။ အနည်းငယ်ကြာမြင့်သောအချိန်၌ မေပျို အိမ်ပေါ်လှမ်းတက် သွားသည်။ ထိုအချိန်၌ ဧည့်ခန်းထဲက တယ်လီဖုန်းမြည်လာ၏။

"ကလင် ကလင် ကလင်"

အိမ်ဖော်တစ်ယောက်က တယ်လီဖုန်းပြေးကိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောသည်မှာ သိပ်မကြာလိုက်။ တယ်လီဖုန်းကိုပြန်ချပြီး မေပျို တက်သွားတော့ လှေကားခြေရင်း ပြေးသွားသည်။

"မမလေး"

မေပျို၏ခြေလှမ်းတို့ ရပ်သွားသည်။

"ကညာတို့ ကားအတိုက်ခံရလို့တဲ့"

"ဘာ"

ကျော်ဇင်အော်သံ။

× × ×





ကုန်လုနီးပါး ပုလင်းကို ကိုင်၍ စားပွဲပေါ် အသံမြည်အောင် လှည့်ကစားနေသည်။ ဦးထွန်းအောင်က သူ့ကို စိုက်ကြည့်နေသည်။ အခြေအနေက ဘယ်လိုမှ အေးမသွားသေး။ ရာသီဥတုက ချောက်ချားနေသည်။

"စဉ်းစားကြည့်ပေါ့ဗျာ၊ သူ့ကို အသားနာအောင် တစ်ကြိမ် တစ်ခါ လုပ်မိရုံနဲ့ ပြန်ခြေတဲ့ကလဲ့စားကို"

"ခင်ဗျားက စွပ်စွဲတာ သိပ်ဝါသနာများပါနေသလား ကို ကျော်ဇင်၊ ဒါတွေဟာ အမြဲဖြစ်တတ်တာတွေပဲလေ၊ စိတ်လှုပ်ရှားနေတုန်း ကားမောင်းမိရင် ဖြစ်တတ်တာချည်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူ ဘာလို့ ကြိုသိနေတာလဲ ဦးထွန်းအောင် ခင်ဗျား ပြောစမ်းပါဦး"

"တိုက်ဆိုင်မှု ဆိုတာကရော"

"အရာရာကို တိုက်ဆိုင်နေလို့မရဘူး ဦးထွန်းအောင်၊ သိနေမှ တိုက်ဆိုင်လို့ရတာပါ"

"ခင်ဗျားဟာက တစ်ဖက်သတ်ပါပဲလား"

"ခင်ဗျားက အဲဒီကောင်မဖက် တစ်ဖက်သတ် ဦးထွန်းအောင် ခင်ဗျားကရော သူလူပဲလား"

ဦးထွန်းအောင် စိတ်ထဲတင်းခနဲ ဖြစ်သွားရသည်။ ထို့ကြောင့် ထိုင်ရာမှထပြီး

"ခင်ဗျားပြန်သင့်ပြီ ကျော်ဇင်၊ ဒါမှမဟုတ်ရင် ဒီမှာပဲ အိပ်သွားပါ"

"ဟားဟား"

ကျော်ဇင် ရယ်သည် ။ပြီးမှ

"မပူပါနဲ့ ကျုပ်ပြန်မှာပါ၊ ကျုပ်မှာ ဒီည လုပ်စရာတွေ အများကြီးရှိသေးတယ်"

သူ ထရပ်လိုက်သည်။ ခြေထောက်တွေက ရပ်မနိုင်ဘဲ ဝုန်းခနဲ ဖင်ထိုင်ပြန်ကျလာသည်။

ဦးထွန်းအောင်က သူ့ကိုစိုးရိမ်ပြီး

"ခင်ဗျား ရသေးရဲ့လား ကျော်ဇင်၊ မရတော့ရင် မပြန်ပါနဲ့တော့"

ကျော်ဇင်က ခနဲ့တဲ့တဲ့ ရယ်လိုက်ပြီး

"မစိုးရိမ်ပါနဲ့ ဦးထွန်းအောင်၊ ခင်ဗျားစိုးရိမ်ရမှာက ဟိုမိန်းမပါပဲ၊ ဟဲဟဲ သူ့ကံက ဒီလောက်ပဲ ပါတော့တာလေ၊ အား ကျွတ်ကျွတ်"

ကျော်ဇင် ခေါင်းကို လက်နှင့်အုပ်ကိုင်ရင်း ထလာသည်။





"ကျွန်တော် သူ့ရဲ့ဒိုင်ယာရီကို ဖတ်ဖူးတယ် ဦးထွန်းအောင်"

"ဘာရေးထားလို့လဲ"

ကျော်ဇင် ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။ ပြီးမှ

"ကျော်ဇင် တစ်၊ ကညာ နှစ်တဲ့ ဟဲဟဲ"

သူ့ဘာသာသူပြောပြီး သဘောကျနေသေး၏။

"အခုတော့ မေပျို တစ်ပဲ ဖြစ်ပြီပေါ့ ဟဲဟဲ"

ကျော်ဇင် ရယ်နေသေးသည်။ သူ့ပုံမှာ မတ်တတ်ပင် အနိုင်နိုင် ရပ်နေရသည့်ပုံ။

"ကဲ ခင်ဗျားရဲ့ ထုံးစံအတိုင်း စောင့်ကြည့်လိုက်ပါဦး"

ဆိုကာ အပြင်သို့ ထွက်သွားလေသည်။

"ဟော့လူ ပုလင်းထားခဲ့တော့လေ၊ ခင်ဗျား များနေပြီ"

ဦးထွန်းအောင်က စိုးရိမ်စွာပြောသည်။ ကျော်ဇင် မိုးရေထဲ လှမ်းထွက်လိုက်ပြီး

"မပူနဲ့ဗျို့၊ ဒါမရှိရင် အားကျွတ်ကျွတ် ဒါမရှိရင်"

သူ့စကားသံတွေက ဝေဝါးနေ၏။ မိုးသံနှင့်မို့ ထပ်မကြားတော့။ မိုးရေတွေကြား ဒယီးဒယိုင်နှင့် သူ့ကို မှုန်ဝါးဝါးတွေ့ရသည်။

"ဟော့လူ ခင်ဗျား ဖြစ်သေးရဲ့လား"

ဦးထွန်းအောင်၏ စိုးရိမ်တကြီးအော်သံ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မိုးရေတွေကြား သူ့ကို ဒယီးဒယိုင်နှင့် မှုန်ဝါးဝါးတွေ့နေရသည်။

မိုးကလည်း ထင်တာထက် သည်းနေ၍ သူ လမ်းလျှောက်ရ ခက်နေပုံ။ ဦးထွန်းအောင် စိုးရိမ်ပြီး မှန်ပြောင်းနှင့် လိုက်ကြည့်မိသည်။

ပိုင်းခနဲ လမ်းမပေါ် ခြေပစ်လက်ပစ်လဲကျသွားသည်ကို တွေ့ရပေ၏။ မှန်ဘီလူးကလည်း ဟိုတစ်ခါ ပြုတ်ကျသွားသည်က တစ်ကြောင်း၊ မိုးရေများ မှုန်ဝါးနေသည်က တစ်ကြောင်းတို့ကြောင့် သဲကွဲစွာ မမြင်ရ။





ကုန်းရုန်းပြီး ပြန်ထလာသည်ကို တွေ့ရသည်။ ပါးစပ်ကလဲ အော်ကြီးဟစ်ကျယ်နှင့် အယုတ္တအနတ္တတွေ ဆဲသွားပုံရ၏။ ရံဖန်ရံခါ၌ လက်ထဲကိုင်ထားသော ပုလင်းကိုလည်း မော့နေသေး။

ပိုင်းခနဲ ထပ်လဲပြန်သည်။ တော်ရုံနှင့်ပြန်မထ။ လမ်းမီးရောင်မှိန်မှိန်နှင့် မိုးရေများကြား လူးလှိမ့်နေသည်။ ဝေဒနာတစ်ရပ်ကို ခံစားနေရပုံမျိုး။ အနည်းငယ်ကြာမှ ဖြည်းဖြည်းချင်းပြန်ထလာသည်။

ဦးထွန်းအောင် ကျော်ဇင့်ကို သွားကူရကောင်းနိုး၊ ဒီအတိုင်းကြည့်နေရကောင်းနိုး ဖြစ်နေမိသည်။

တစ်ကိုယ်လုံး တုတ်တုတ်ကျအောင် ရွှဲစိုနေသော ခန္ဓာကိုယ်ဖြင့် သူတို့အိမ်ဝင်းကို ချဉ်းကပ်သွား၏။

ခြံတံခါးကို ထု၍ အော်ဟစ်နေသည်။ ခပ်လှမ်းလှမ်းကမို့ ဘာသံမှမကြားရ။ ခြံတံခါးက မပွင့်။ ညနက်နက်မှာ မိုးသံများနှင့်မို့ ကြားဟန်မတူ။

သူ လမ်းမပေါ်မှခဲများ ကောက်ပြီး တံခါးကို ပစ်ပေါက်သည်။ ဒုန်းခနဲ ဒိုင်းခနဲ အသံများ ဦးထွန်းအောင်ပင် သဲ့သဲ့ကြားနေရသည်။

“မေပျို မနိုးတာလား”

တစ်ခါ အရှိန်လွန်၍ ကျော်ဇင် တံခါးကို ဒုန်းခနဲ ပြေးဆောင့်မိပြီး ဖုန်းခနဲ ပက်လက်လန်ကျသည်။ ကျော်ဇင် ကုန်းရုန်းပြန်ထပြီး လက်ထဲကပုလင်းကို ခြံထဲ ခွမ်းခနဲ ပစ်ထည့်လိုက်သည်။

သိပ်မကြာပါ။ ခြံတံခါးမှာ ဖြည်းညှင်းစွာ အလိုအလျောက်ပွင့်လာသည်။

ကျော်ဇင် အော်ဟစ်ဆဲဆိုပြီး ခြံထဲဝင်လာသည်။ မီးရောင်မှုန်ပြပြနှင့်မို့ ဘာကိုမှ သဲကွဲအောင်မမြင်ရ။

ဦးထွန်းအောင် စိုးရိမ်ပြီး အသေအချာ စောင့်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်သက်တာတွင်
ထိုမျှလောက်
ကြောက်မက်ဖွယ်
ကောင်းသော
မျက်လုံးမျိုး မိန်းမ
တစ်ယောက်တွင်
မပြောနှင့်။
တစ်ခါမှကို
မမြင်ဘူးခဲ့ပေ။



သည်။

ကျော်ဇင် အိမ်တွင် ခတ်ထားသော သံဘာဂျာတံခါးကို ထုသည်။ မည်သည့်အရိပ်အယောင်မှ မတွေ့။ မိုးရေများနှင့်မို့ မသဲကွဲ။

ကျော်ဇင် ခြံထဲပြန်သွားပြီး အုတ်ခဲများကောက်၍ အိမ်ကိုပစ်သည်။ မည်သည့်အရိပ်အယောင်မှ မတွေ့ရ။

ကျော်ဇင် သံဘာဂျာတံခါးနားသွား၍ မှီရပ်ရင်း အော်ဟစ်နေသည်။

ဦးထွန်းအောင် မှန်ဘီလူး Zoom ကို ဆွဲပြီး အသေအချာကြည့်သည်။

ကျော်ဇင်၏ပုံမှာ အခြေအနေကောင်းဟန် မတူပါ။ ပါးစပ်ကြီးဟပြီး ရင်ဘတ်က ဖားဖိုလို တုန်လှုပ်နေသည်။

သိပ်မကြာပါ။ သူ၏ဒူးတို့ ညွတ်ခွေကျလာ၏။ ဦးထွန်းအောင်ပို၍ စိုးရိမ်သွားမိသည်။

"မေပျို မေပျို မနိုးတာလား"

စိုးရိမ်ပြီး အိမ်ထဲကို လှမ်းကြည့်မိသည်။ မည်သည့်လှုပ်ရှားမှုမှ မရှိ။ မေပျို ရှိမနေတာလား။ သူမဝေခွဲနိုင်။

ကျော်ဇင်ကို ပြန်ကြည့်မိသည်။

"ဟာ"

ကျော်ဇင်မှာ သံဘာဂျာတံခါးကိုကိုင်ရင်း ခွေကျနေပြီ။ အလိုလိုနေရင်း ဦးထွန်းအောင်ပင် ဇောချွေးတို့ စိမ့်ထွက်နေသည်။

"မေပျို မေပျိုရော"

ဦးထွန်းအောင် အိမ်ထဲ ပြန်ကြည့်သည်။ မည်သည့်အရိပ်အယောင်မှ မတွေ့ရ။ မှန်ဘီလူးမကောင်းတာကို သူ အားမလိုအားမရ ဖြစ်နေမိသည်။

ကျော်ဇင်ကိုပြန်ကြည့်တော့

"ဟာ"

သူ လန့်သွားသည်။ ကျော်ဇင်၏ ကပ်လျက်အတွင်းထဲမှာ အရိပ်တစ်ခု။ ဦးထွန်း အောင် အသေအချာ Zoom ကို ဆွဲကြည့်မှ

"ဟာ အား"

ဦးထွန်းအောင် အနောက်သို့ ခုန်ဆုတ်မိသည်။ ကြောက်လွန်း၍ ခြေဖျားလက်ဖျားများပင် အေးစက်သွား၏။

"ကျော်ဇင်စကားကို ယုံပေးတဲ့အတွက် ကျေးဇူးပါပဲ"

"တစ်ယောက်ကိုတစ်ယောက် သတ်မလို့တဲ့လား"

စကားသံများ ပြန်လည်ကြားယောင်မိသည်။

"ဟုတ် ဟုတ်ရဲ့လား"

မသင်္ကာစိတ်နှင့်ပြန်ကြည့်မိသည်။

ကျော်ဇင်၏ ကပ်လျက် နံရံတွင် ကြောက်မက်ဖွယ်မျက်လုံးမျိုးနှင့် စိုက်ကြည့်နေသော မိန်းမပျိုတစ်ယောက်။ တံခါးကို လုံးဝမဖွင့်ပေးဘဲ စိမ်ပြေနပြေ ကြည့်နေနိုင်သူ။

"မေပျို"







www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းအောင် လန့်ပြီး ရေရွတ်မိသည်။ သူ့တစ်သက်တာတွင် ထိုမျှလောက် ကြောက်မက်ဖွယ်ကောင်းသော မျက်လုံးမျိုး မိန်းမတစ်ယောက်တွင် မပြောနှင့်၊ တစ်ခါမှကို မမြင်ဘူးခဲ့ပေ။ သူမ မျက်ဝန်းက သူ့ထံရွေ့လာသည်။

"ခလွှမ်း"

မှန်ဘီလူး လွတ်ကျကွဲသံ။ ဦးထွန်းအောင် လန့်ပြီး အနောက်ဆုတ်သွားမိသည်။ ခန္ဓာကိုယ်က တဆတ်ဆတ်တုန်သွားသည်။ ဘာလုပ်ရမှန်းမသိ။

ဤမျှလောက် သွေးအေးအေးနှင့် ရက်စက်သောမြင်ကွင်းမျိုး သူ တစ်ခါမှ မမြင်ခဲ့ဘူး။

ကြောက်လန့်တကြားနှင့် သူပြန်ချောင်းမိသည်။

ဘာမှမဖြစ်သလိုဟန်မျိုးနှင့် လှမ်းထွက်လာသောမေပျို။

ဦးထွန်းအောင် ကြောက်လန့်စိတ် စိုးရိမ်စိတ်များနှင့် အလိုလိုနေရင်း သူတို့ထံ ပြေးသွားမိသည်။ ကူညီချင်လို့လား၊ ထပ်မံ သိချင်သေးလို့လား၊ သူ မဝေခွဲနိုင်။

× × ×





အတွေ့ကြုံသူရဲ့ အမုန်းတရားဟာ တစ်ပါးသူကို ဒုက္ခမပေးခင် ကိုယ်တိုင် အရင် ဒုက္ခခံစားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တစ်အိမ်၏ရှေ့ မိုးရေထဲတွင် မိန်းမပျိုတစ်ယောက်က လဲကျနေသော ယောက်ျားပျိုကို ပွေ့ဖက်ထား၏။ သူမ၏ကျောပြင်မှာ တသိမ့်သိမ့် တုန်နေပါသည်။

နောက်ကျောမှပင် မြင်နေရ၍ ငိုနေသည်လား၊ ရယ်နေသည်လား မသိ။ မိန်းမပျိုတစ်ယောက်တည်းမို့ သူ ဝင်ကူရကောင်းနိုး၊ မကောင်းနိုး မဝေခွဲနိုင်။

မိန်းမပျို၏ ခန္ဓာကိုယ်က တသိမ့်သိမ့်တုန်နေတုန်း။

"မေပျို"

သူမ၏ ဆံပင်များ မျက်နှာတစ်ခုလုံး ဖုံးလွှမ်းနေ၍ သဲကွဲ





စွာ မမြင်ရ။ ငိုခြင်းနှင့်ရယ်ခြင်းကို မဝေခွဲနိုင်။

အတန်ကြာမှ သူမမျက်နှာ မော့လာ၏။

သူမမျက်နှာက ဘာမှမထူးခြား။ မိုးရေစက်များနှင့်မို့ မျက်ရည်ကို ရှာမရ။ ဘယ်လိုမှလည်း ဝေခွဲ၍မရ။

သူမနှုတ်မှ တိုးတိုးစွာကြားရသည်။

"သူဆုံးသွားပြီ"

"ဟင်"

မိုးရေထဲ ကြက်သေသေနေမိသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကွဲနေပြီဖြစ်သော မှန်ဘီလူးကို သူ အသေအချာပြန်ကြည့်သည်။ ပြီးနောက် မလိုချင်တော့စွာဖြင့် မြေကြီးထဲ နှစ်မြှုပ်လိုက်သည်။

ယခင်ကတော့ လူတွေ မျက်စိနှင့်မမြင်နိုင်သော မြင်ကွင်းမျိုးကို သူ နှစ်သက်ခဲ့သော်လည်း ယခုတော့ မျက်စိထက်ပို၍ ကျော်လွန်သော မြင်ကွင်းမျိုးကို သူ မြင်လိုစိတ်မရှိတော့။

အရာရာကိုမြင်သင့်သလောက်သာ မြင်တတ်သည်က အကောင်းဆုံးဖြစ်ကြောင်း သူ သဘောပေါက်သွားသည်။

သူ အမြဲတစေ အမြတ်တနိုးထားသော မှန်ပြောင်းကလေးကို



မြေကြီးထဲ နှစ်မြှုပ်လိုက်သည်။

ပြီးနောက် လူမနေတော့သော အိမ်ကြီးကို ငေးကြည့်မိသည်။ ကြက်သီးတို့ ဖြန်းခနဲ။

× × ×

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မိုးအနှောင်း ဆောင်းအကူးမို့ ရာသီဥတုက အေးစိမ့်နေနေသည်။

ဤကဲ့သို့ ရာသီဥတုမျိုးက ကော်ဖီသောက်ရန် အကောင်းဖြစ်သော်လည်းသူ့ဆိုင်ကလေးက သောက်သုံးသူ ကင်းမဲ့နေသည်။ ကိုဒီးခမျာ ပျင်းရိစွာ ငေးသည်မျှော်နေမိသည်။

သောက်နေကျဖောက်သည်များမှ နှစ်သက်တတ်သောဆိုင်လေး

BURMESE CLASSIC .com





မလာတာ ကြာမြင့်နေပြီ ဖြစ်သော သူ့ကိုမြင်၍ ကိုဒီး အံ့အားသင့်နေမိသည်။ သူမက စားပွဲခုံ နံပါတ်ငါးဆီသို့ ဦးတည်သွားသည်။

လာနေကျဖောက်သည်များကလည်း ယခုတလော မမှန်ချင်- တစ်ရက်တလေ၌ ကော်ဖီဆယ်ခွက်ခန့် ရောင်းရဖို့ အနိုင်နိုင်။

ကိုဒီး အဝင်ဝသို့ မျှော်ကြည့်လိုက်သည်။

"ဟာ"

သူကြည့်နေစဉ်မှာပင် တိုးဝင်လာသော အရိပ်တစ်ခု

"ဟင်"

အလင်းရောင်ကို ကျောခိုင်းထားသည်မို့ သဲသဲကွဲကွဲမမြင်ရ။

"အဲ"

မလာတာကြာပြီဖြစ်သော ပိန်ပိန်ဖြူဖြူနှင့် မိန်းကလေးလေးပင်။

မလာတာ ကြာမြင့်နေပြီဖြစ်သော သူ့ကိုမြင်၍ အံ့သြသင့်နေမိသည်။

သူမက စားပွဲခုံနံပါတ်ငါးဆီသို့ ဦးတည်သွားနေသည်။

"ကော်ဖီပဲလား ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဒီး၏ ဝမ်းသာအားရအသံ။
သူမ ခေါင်းညိတ်ပြသည်။
သူမပုံမှာ ဘာမှမပြောင်းလဲ။
"ကိုဒီး ကော်ဖီခွက်ကိုချရင်း
"ဘာလိုသေးလဲခင်ဗျာ၊ လိုအပ်တာပြောပါ"
သူမငေ့ကြည့်သည်။
ပြီးနောက် ကော်ဖီခွက်ကို မပြီး
"ရှင်တို့ဆိုင်ရှင် ကညာနဲ့ တွေ့ချင်တယ်"
"ဗျာ"

လေးစားစွာကြိုးစားလျက်
အကြည်တော်



BURMESE CLASSIC .com
www.burmeseclassic.com